စီးပွားလာဘ်ရှင်သိမ္ဗဝင်

# ဂမုန်းများ



မြောင်းမြမောင်ယဉ်တင့်


**ရွှေနှင်းဆီ**

**ထီပေါက်စဉ် နှင့် စာပေဖြန့်ချိရေး**

အမှတ် (၁၀၄)၊ ၃၇-လမ်း(အောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၅၀၁၃၅

## စီးပွားလာဘ်ရှင် သဒ္ဒါဝင်

# ဂမုန်းများ




ပြောင်းမြမောင်ယဉ်တင့်

စာအုပ်စာတမ်းခွင့်ပြုချက်အမှတ် - ၇၉၈/ ၉၉(၁၀)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၁၅/ ၂၀၀၀(၉)

အကြိမ် ○ ပထမအကြိမ်
အုပ်ရေ ○ ၁၀၀၀
ထုတ်ဝေသည့်လ ○ ၂၀၀၀ပြည့်နှစ်၊ စက်တင်ဘာလ
အတွင်းစာစီ ○ K & M³
မျက်နှာဖုံးဒီဇိုင်း ○ K & M³
အတွင်းပလင် ○ K & M³
တန်ဖိုး ○ ၁၂၅ ကျပ်

ထုတ်ဝေသူ
ဦးဝင်းမြင့်၊
ဝင်းမြင့်အောင်စာပေ၊ ၃၁၅/ ၂ ခရက်ကွက်၊
မင်္ဂလာဒုံ၊ ရန်ကုန်။

မျက်နှာဖုံး၊ အတွင်းပုံနှိပ်သူ
ဒေါ်ရှူခင်(၀၅၄၄၉)
ဝင်းလိုက်မိတ်ပုံနှိပ်တိုက်၊ (၃၅၂)၊စရည်းပင်လမ်း
သုဝဏ္ဏ၊ သင်္ဃန်းကျွန်း၊ ရန်ကုန်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | စာရေးသူ၏အမှာ | က |
| ၂။ | ရှေးခေတ်ဟောင်းကျမ်းများဖော်ပြချက် | ၁ |
| ၃။ | ဘာသာပြန်စာပေအသင်းထုတ် မြန်မာ့စွယ်စုံကျမ်း | ၁၁ |
| ၄။ | အညွှန်း | ၂၄ |
| ၅။ | ကွင်းထိုးဂမုန်း | ၃၃ |
| ၆။ | ကျောက်စိမ်းဂမုန်း | ၃၆ |
| ၇။ | ငှက်ကြီးတောင်ဂမုန်း | ၃၇ |
| ၈။ | ဘောဂကြီးဂမုန်း | ၃၉ |
| ၉။ | သူကြွယ်ဂမုန်း | ၄၃ |
| ၁၀။ | တိုးလာကြီးဂမုန်း | ၄၅ |
| ၁၁။ | ဟသာဂမုန်း အဖို၊အမ | ၄၇ |
| ၁၂။ | ဣန္ဒာသယကျိုးမင်းဂမုန်း | ၄၈ |
| ၁၃။ | ဂမုန်းပလ္လင်ဆင့်အနီနှင့် အဖြူ | ၅၁ |
| ၁၄။ | လဝန်းဂမုန်း အဖိုနှင့်အမ | ၅၅ |
| ၁၅။ | အင်းဂမုန်း | ၅၆ |
| ၁၆။ | အောင်သိဒ္ဓိဂမုန်း | ၅၈ |
| ၁၇။ | ပတ္တာမြားဂမုန်း | ၆၀ |
| ၁၈။ | ဂမုန်းစေတီ | ၆၄ |
| ၁၉။ | ပဒေသာဂမုန်း | ၆၇ |

၂၀။ ချမ်းသာကြီးဂမုန်း ၆၈
၂၁။ မယ်တော်ကြီးဂမုန်း ၇၀
၂၂။ တပင်ရွှေထီးဂမုန်း(တရုတ်စီးပွားဂမုန်း) ၇၃
၂၃။ ဒေါင်းဂမုန်းဖိုမ ၇၅
၂၄။ ဂမုန်းသံဃာစဉ် ၇၇
၂၅။ ကျီးဖို ကျီးမဂမုန်း ၇၉
၂၆။ ရတနာဂမုန်း ၈၁
၂၇။ အိမ်တွင်းမင်္ဂလာဂမုန်း ၈၃
၂၈။ ချမ်းသာကြီးဂမုန်း ၈၆
၂၉။ ရာဇာကြီးဂမုန်း ၉၀
၃၀။ မြဘယက်ဂမုန်း ၉၂
၃၁။ သိဒ္ဓိရှင်ဂမုန်း ၉၅
၃၂။ သန်လျက်ဂမုန်း ၉၇
၃၃။ ဇောတိကဂမုန်း ၁၀၀
၃၄။ ရှင်သီဝလိဂမုန်း ၁၀၂
၃၅။ သောကဝေးအောင်ဘောဂလေး ၁၀၇
ဂမုန်းပင် စိုက်ကြည့်ပါ။
၃၆။ ဂမုန်းလိပ်ပြာခေါ် ဇော်ဂျီမှတ်ဆိတ် ၁၁၂
ဂမုန်းပြောသောစီးပွားရေးနိမိတ်ပန်း
၃၇။ မစိုက်သင့်သောဂမုန်း ၁၁၉
၃၈။ ဆင်ဂမုန်း ၁၁၉
၃၉။ ဆင်စွယ်ဂမုန်း ၁၂၀
၄၀။ ကုမုဒ်ကြာဂမုန်း ၁၂၂

## စာရေးသူ၏ အမှာစာ

ကျောက်ကျမ်း၊ ဂမုန်းကျမ်း၊ ကဝေသာရကျမ်းများတွင် ဂမုန်းမျိုးပေါင်း ၁၀၉ မျိုးရှိကြောင်း လေ့လာသိရှိရပါသည်။ အရပ်စကားနှင့် ပြောရလျှင် ဂမုန်းတစ်ထောင်ရှိသည်ဟု ဆိုကြသည်။ မည်သို့ဆိုစေ ဤဂမုန်းစာအုပ်တွင် နှစ် ၂၀ နီးပါး ကျွန်တော် လေ့လာသုတေသန ပြုထားသည့် ဂမုန်းများအနက်၊ စိုက်ပျိုးသူတိုင်း အကျိုးဖြစ်စေမည့် စီးပွားလာဘ်ရှင် သိဒ္ဓိဝင် ဂမုန်းများကို လေ့လာ၍ လက်ရွေးစင် တင်ပြလိုက်ခြင်း ဖြစ်ပါသည်။

ဂမုန်းစိုက်ပျိုးရာတွင် နေ့အလိုက် စိုက်သင့် သည့် ဂမုန်း သို့မဟုတ် ခုနစ်ရက်သားသမီး အားလုံး စိုက်ပျိုးနိုင်သည့် ဂမုန်းများအား တင်ပြထားပါသည်။

အသက်ရှည်စေလိုလျှင် အာယုအရပ်၊ ကျက်သရေမင်္ဂလာ ရှိစေလိုလျှင် သီရိအရပ်၊ ဥစ္စာခနေ ချမ်းသာကြွယ်ဝလိုပါက ဂဟပတိအရပ်၊ ဘုန်းတန်ခိုး တိုးတက်စေလိုပါက တေဇအရပ် စသည်တို့ကို ရွေးချယ်စိုက်ပျိုးနိုင်ကြစေကြောင်း ကျမ်းဟောင်းများမှ ကိုးကားတင်ပြ

လာပါသည်။ မစိုက်တတ်လျှင် အပြစ်၊ စိုက်တတ်လျှင် အကျိုး၊ ဘုန်းတန်ခိုးကြီးမားကာ ဥစ္စာရတနာ တိုးပွားစေကြောင်း ရည်ရွယ်၍ (စီးပွားလာဘ်ရွှင် သိဒ္ဓိဝင် ဂမုန်းများ)ကို သီးသန့် ရွေးချယ် တင်ပြလိုက်ခြင်း ဖြစ်သည်။

စီးပွားလာဘ်ရွှင် သိဒ္ဓိဝင်ဂမုန်းကျမ်းကို ရေးသားထုတ်ဝေရာတွင် ပံ့ပိုး၍ အလျဉ်းသင့်သလို တည်းဖြတ်ဖော်ပြပေးခဲ့သည့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ စာတည်းချုပ် ဦးကျော်မိုးသိန်း အားလည်းကောင်း၊ ရိုက်နှိပ်ခါမရွေး အကူအညီပေးခဲ့သည့် ကိုမြင့်ဝေအားလည်းကောင်း၊ ပြည်သူ့ရင်ပြင် စိုက်ပျိုးရေးဥယျာဉ် အရောင်းဌာနမှ မဘောဘီအားလည်းကောင်း၊ ထုတ်ဝေဖြန့်ချိပေးသော ကိုမြင့်ဦး (ရွှေနှင်းဆီ ထီပေါက်စဉ်နှင့် စာပေဖြန့်ချိရေး) အား လည်းကောင်း ကျေးဇူး အထူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ဂမုန်းစိုက်ပျိုးအကျိုးများစေကြောင်းရည်ရွယ်၍

သဗ္ဗေသတ္တာ သုခိတာဟောန္တု

မြောင်းမြမောင်ယဉ်တင့်

နမောတဿ၊ ဘဂဝတော၊ အရဟတော၊
သမ္မာသမ္ဗုဒ္ဓဿ။

# ရှေးခေတ်ကျမ်းဟောင်းများ

ဖော်ပြချက်
တောင်တွင်းကြီးဆရာတော်

## ခင်ကြီးဖျော်

၏

## ကဝေသာရကျမ်း

မူရင်းအတိုင်း ကောက်နုတ်ဖော်ပြချက်

## ဂမုန်းညွှန်းတို့ကိုပြခြင်း

၁။ ဂမုန်းနီသည်ကား ဆိပ်ဖုးရွက်ကဲ့သို့ ပြာလဲ့လဲ့နှင့်၊ ပင်ရင်းနီ၏။ နနွင်းတက်၊ နနွင်းဟောင့်ကဲ့သို့ ရှိခြင်း၊ ထုံးရေစဉ်သော်နီ၏။ သို့မှ ဂမုန်းနီမှန်၏။ ဟသိပြဒါးကဲ့သို့ နီမြန်းမှသာ စစ်သည်။

## ၂ ။ ဂမုန်းညွှန်းကျမ်း

၂။ ဂမုန်းဖြူစစ်မစစ်သိလိုမူ ၎င်းအရွက်ကား နနင်းရွက်ကဲ့သို့ ရှိ၏။ အမြစ်သည်ဖြူ၏။ တစ်နှစ်တစ်ခါ တခြားနေရာသို့ ရွှေ့ပြောင်း၍ ပေါက်တတ်၏။ ထိုဂမုန်းကို ဂမုန်းလည်ဟူ၍လည်း ခေါ်ကြကုန်၏။ အဖြူစစ်လျှင် နေရာမမြဲ၊ ရွှေ့မြဲမမှတာ ဖြစ်၏။

၃။ ဂမုန်းနက်သည်ကား နနွင်းဥ၊ နနွင်းရွက်ကဲ့သို့ နက်၏။ ကျောက်မီးသွေးကဲ့သို့ ရှိတတ်၏။ သို့မှသာလျှင် စစ်သည်။

၄။ ဂမုန်းစဏ္ဍာသည်ကား ဂမုန်းကတိုးရွက်ကဲ့သို့ အရွက် အနားလက်တစ်လုံးလုံး ရေးရေးနီ၏။ မြေမြင့်ပြာသာဒ် ရောက်တတ်၏။ ကျောက်တွင်လည်း ပေါက်တတ်၏။ ခေါင်းကြက်ဥခန့် ပမာဏ ရှိ၏။

၅။ ဂမုန်းကတိုး၏ အဆင်းသဏ္ဍာန်ကား အရွက် လက်ဝါးပမာဏခန့် ရှည်ရှည်ဝန်းဝန်းရှိ၏။ မြေနှင့် တစ်ထွာတစ်မိုက်ခန့် ပေါက်တတ်၏။

၆။ ဂမုန်းဝက်လာသည်ကား ဝမ်းနီ၍ကျောက မဲ၏။ ဝက်တို့ ချစ်ခင်တတ်၏။

၇။ ဂမုန်းခွေးလာသည်ကား အရွက်လက်မ ပမာဏခန့်ရှိ၏၊ မြေတွင်ပြာသာဒ်ရောက်၏။ ဆိပ်ဖူးရွက်ကဲ့သို့ အသွင်ပြာပြာ စိမ်းစိမ်းညိုညိုလည်း ရှိ၏၊ ခွေးတို့လည်း ချစ်ခင်တတ်ကုန်၏။

၈။ ဂမုန်းနွားလာ သည်ကား ဝမ်းနီလျက် အကြောက ညို၏၊ ညိုမောင်းတွင်လည်း၊ အဖြူ ပေါက်ပေါ်ထင်၏၊ (၈)ပါးသော ဂမုန်းတို့သည် ဆိပ်ဖူးရွက်သဏ္ဍာန်တူ၏။ အဉသာ ကွဲလွဲကြ ကုန်၏။

၉။ ဂမုန်းကြက်လာသည်ကား ဆိပ်ဖူးရွက် ကဲ့သို့ သဏ္ဍာန်တူ၏၊ ပြာပြာစိမ်းစိမ်း အရောင် ရှိ၏၊ ပြာလဲ့လဲ့လည်း စာတစ်စောင်က ဆိုလေ သည်၊ ကြက်တို့ချစ်ခင်တတ်ကုန်၏။

၁၀။ ဂမုန်းပြောက်ငယ်သည်ကား၊ ဆိပ်ဖူးရွက် ကဲ့သို့ သဏ္ဍာန်တူ၏၊ မြေတွင်ပြာသာဒ်ရောက်၏၊ အရွက်မှာလည်း ညွှင်းပြောက်ကဲ့သို့ရှိလေသည်။

၁၁။ ဂမုန်းပြောက်ကြီးသည်ကား နနွင်းပင် သဏ္ဍာန်တူ၏၊ ညိုမောင်းတွင်လည်း အဖြူညွှင်း ပြောက် ရှိလေသည်။

၁၂။ ဂမုန်းရှင်သူငယ်သည်ကား ဆေးတစ်လုံး ပင်ကဲ့သို့ ပမာတူ၏၊ ငှက်ပျောရွက်ကဲ့သို့အဖျားက တိတိဝန်းဝန်းရှိ၏၊ အရွက်နီမြန်း၏၊ ခေါင်းမှာ ငှက်ပျောခေါင်း၊ ပိန်းခေါင်း ကဲ့သို့ရှိ၏၊ ဂမုန်းရှင် သူငယ်စစ်သည် အမှုန့်ပြုလျက် ဘင်ကိုဖြူး၍ ထို နွားချေးရည်မှာ ဆယ်မီးစေ့ အောင်သွန်၊ဘင် ဖြူ၏၊ ဒန်ကိုဖြူး၍ထိုဒန်သေရာ၏။

၁၃။ ဂမုန်းရစ်သည်ကား နနွင်းပင်သဏ္ဌာန် အရွက်နီမြန်း၏၊ ပြာပြာစိမ်းစိမ်း ညှင်းပြောက် သေးသေးလည်းရှိ၏၊ အရွက်လည်းထူ၏၊ အရွက် ဖျားမှာလည်း စိမ်း၏။

၁၄။ ဂမုန်းလိပ်မေ့သည်ကား ဇရစ်မဟောရာ ပိန်းတို့နှင့်တူ၏၊ အပင်ခပ်သေးသေး၊ အရွက်မှာ တစ်ချပ်တည်းရှိ၏၊ အမြစ်မှာ တစ်လုံးတည်းရှိ၏၊ အရိုးကို ဆိတ်ကြည့်လျှင် နို့ရည်ကဲ့သို့ ထွက်လာ ၏။

၁၅။ ဂမုန်းလိပ်မထွားသည်ကား ဆိပ်ဖူးရွက် သဏ္ဌာန်ကဲ့သို့ သဏ္ဌာန်တူ၏၊ ကွကွလည်းရှိ၏၊ အရွက်ရော်၍ကျလျှင်၊ အညွန့်အပင်ပါရော်၍ ကျသည်။

၁၆။ ဂမုန်းဆိပ်နဒါသည်ကား ခတ္တာရွက်ကဲ့သို့ ကြော့ကြော့အမြစ်မှာ တမာမြစ်နှင့်သဏ္ဍာန်တူ၏။

၁၇။ ဂမုန်းသဃာ်ဇင်သည်ကား ဇလတ္တာပင်ပုံသဏ္ဍာန်ကဲ့သို့ အမြစ်လုံးလုံးနေ၏။

၁၈။ ဂမုန်းလိပ်လာသည်ကား ဆိပ်ဖူးရွက်ကဲ့သို့ အတွင်းဝမ်းက အပြောက်ရှိ၏၊ အမြစ်တွင်လည်း အပေါက်အပေါက်ရှိ၏။

၁၉။ ဂမုန်းဂေါသဇင်သည်ကား သူတထူးတို့၌ ဒဏ်ပြန်ကောင်းလှ၏။

၂၀။ ဂမုန်းဆင်ကာလကဏ္ဍီသည်ကား ဆေးတစ်လုံးရွက်သဏ္ဍာန်ကဲ့သို့ အရွက်နီမြန်း၏၊ အရွက်ကြောမှာ စိမ်း၏။ ဖားကဲ့သို့ ခေါင်းတွင် အထက်က သရက်ကင်းနှင့် တူ၏။

၂၁။ ဂမုန်းလူကာလကဏ္ဍီသည်ကား အရွက်မှာ ကြက်သွန်ဖြူရွက်ကဲ့သို့ရှိ၏၊ ခေါင်းတွင် လုံ့ရာကဲ့သို့ ကြက်ခြေအရာလည်းရှိ၏။

၂၂။ ဂမုန်းမြင်းကာလကဏ္ဍီသည်ကား အရိုးအရွက်အကြော နီမြန်း၏၊ အရွက်မှာ တစ်ဖက်က စိမ်း၏၊ တစ်ဖက်ကား သရက်ကင်းနှင့် ပုံသဏ္ဍာန်တူ၏။

၂၃။ ဂမုန်းမသည်ကား ရွှေသား၏ သဏ္ဌာန် ရှိ၏၊ ကြောင်ပန်း၊ ရှားစောင်းပင်တွင် ရောက်တတ် ၏။

၂၄။ ဂမုန်းကြက်တောင်ဖင်သည်ကား ကြက် ကဲ့သို့ အရင်းစိစိ အဖျားဖွားဖွားရှိ၏၊ အရွက်မှာ စိမ်းပြာပြာ စုစုရှိတတ်၏၊ အမြစ်ခြခေါင်းကဲ့သို့ ပုံသဏ္ဌာန်ရှိ၏၊ အရွက်အဖျားက ခပ်ချွန်ချွန်ရှိ၏။

၂၅။ ဂမုန်းသဃ်ာဖင်သည်ကား ဆေးတစ်လုံး ပင်နှင့်တူ၏၊ တစ်ပင်လုံး အရိုးကို ဆိတ်သည် ရှိသော် နို့ရေကဲ့သို့ အဖြူအနီရှိ၏။

၂၆။ ဂမုန်းစမွာဥသည်ကား နွားမြက်ရင်းရွက် ကဲ့သို့ အစေးတို့ထွက်၏၊ သဏ္ဌာန်တူ၏၊ အရွက် ခပ်ထူထူ အရိုးစိမ်းစိမ်းနှင့် အမြစ်စုစုလုံးလုံး နေတတ်၏။

၂၇။ ဂမုန်းကြက်တောင်သည်ကား၊ ကြက် တောင် နှင့် တစ်သဝေမကွာ အရွက်ချွန်းချွန်းရှိ၏၊ ခေါင်းတစ်လုံးတည်း သျှိသျှားသီး၊ ဂွေးသီးကဲ့သို့ ရှိ၏။

၂၈။ ဂမုန်းကြက်ခေါင်းကား အရွက် ကြက် တောင်သဏ္ဌာန် ကြက်တောင်စဉ်ကဲ့ သို့ သွယ်သွယ် နီကြန့်ကြန့် ရှိ၏။

၂၉။ ဂမုန်းလက်ညှိုးသည်ကား လက်ညှိုး ပုံသဏ္ဍာန် သွယ်သွယ်သပ်သပ်ရှိ၏၊ အရွက်ကား မရှိ၊ ကျောက်သစ်ပင်တို့တွင် ပေါက်ရောက် တတ်၏။

၃၀။ ဂမုန်းကြက်မီးသည်ကား၊ ကြက်မြီးနှင့် ပုံသဏ္ဍာန်တူ၏၊ သွယ်သွယ်သပ်သပ်လည်းရှိ၏၊ အရွက်ကားမရှိ၊ ကျောက်သစ်ပင်တို့တွင် ပေါက် ရောက်တတ်၏။

၃၁။ ဂမုန်းကျီးခြေသည်ကား အပင်ခပ်သေး သေး၊ ကျီးတို့၏ ခြေသဏ္ဍာန် အခက်နှစ်ခွ ရှိ၏၊ အပင်စောက်မှာ တစ်မိုက် တစ်ညိုသာရှိ၏၊ အင်တိုင်း တောတို့တွင် ပေါက်ရောက်တတ်၏။

၃၂။ ဂမုန်းကျေးခြေသည်ကား ကျေးတို့၏ ခြေ သဏ္ဍာန်ရှိ၏၊ သွယ်သွယ်လည်းရှိ၏၊ ကျောက် များတွင် ပေါက်ရောက်တတ်၏။

၃၃။ ဂမုန်းသံဆက်သည်ကားလက်ဆက်လည်း ဆိုကြကုန်၏၊ သံဆက်နှင့် တစ်သဝေမကွာ တူ၏၊ အမြစ်ထွေးထွေးရှုပ်ရှုပ်ရှိ၏၊ အရွက်ကားမရှိ၊ အရွက် ခံပင်ကဲ့သို့ အဖြူအနီ နှစ်ပါးရှိ၏။

၃၄။ ဂမုန်းကျောက်ငုံသည်ကား ကြောင်သို ဟူ၍လည်း တချို့ဆိုကြကုန်၏။

၃၅။ ဂမုန်းကိုယ်ရံကြီးသည်ကား ခတ္တာပင်နှင့် သဏ္ဌာန်တူ၏၊ အရွက်မှာ ဆပ်သွားရွက်ကဲ့သို့ ကြီး၏၊ ခေါင်းကြက်သွန်ဖြူစနံ့ ပမာဏရှိ၏၊ သဃ်ာဇင်ဂမုန်း၊ ဂမုန်းကျောက်ငုံ၊ ဂမုန်းကျောက် မီး၊ ဂမုန်းကိုယ်ရံကြီး၊ ဂမုန်းခတ္တာ၊ ဂမုန်းကျောက် လိပ်၊ ဂမုန်းမြွေ၊ ဂမုန်းဆိတ်နို့၊ ၎င်းဂမုန်းတို့သည် ကား ဒန်ကို ဖြူစေနိုင်သည်။

၃၆။ ဂမုန်းရန်မီးသည်ကား၊ ခတ္တာရွက်နှယ်တွင် သေးသေးမျှင်မျှင်ရှိ၏၊ အပင်မကိုလည်း၊ အပင် ငယ်များက ပတ်ရံကြကုန်၏၊ တစ်ခါတစ်ရံ၌ တချို့သာ ပတ်ကြကုန်၏။

၃၇။ ဂမုန်းရန်လွတ်သည်ကား၊ ရန်မီးနှင့် ပုံသဏ္ဌာန် တူ၏၊ တချို့တစ်ဝက်သာ ရံသည်။ တချို့တစ်ဝက်ကြွင်းသည်၊ တစ်ခါတစ်ရံလည်း ရှိ၏၊ ရန်လွတ်ကို သိလိုမူ သစ်သားကို ဝန်းခြံ ပတ်လည်စိုက်၍ထား၊ တစ်နှစ်လည်လျှင် ပြင် ဘက်မှာသာ ပေါက်ကုန်၏။ သို့မှစစ်သည်၊

သုံးလတစ်ကြိမ်၊ ခုနစ်လတစ်ကြိမ် လည်၍ ပေါက်၏။ ရန်လွတ်စစ်လှချေသော် ရန်သူဝိုင်းမိသော်လည်း ထောင်သောင်းဗိုလ်ပါ စစ်သည်တို့ လက်တွင်းက လွတ်ထွက်နိုင်သည်။

၃၈။ ဂမုန်းခတ္တာဖြူမှာ ခတ္တာပင်ကို ဆိုလိုသည်။

၃၉။ ဂမုန်းခတ္တာရွှေသည်ကား ခတ္တာပင်နွယ်တွင် နနွင်းသားသို့တူ၏။

၄၀။ ဂမုန်းခတ္တာကြောင်သည်ကား ပင်ရင်းကနီမြန်းခြင်းရှိ၏။

၄၁။ ဂမုန်းခတ္တာနီသည်ကား၊ အပင်က အပွင့်မှာ ဟသံပြဒါးကဲ့သို့ နီခြင်းရှိသည်ဟု ကျမ်းတစ်စောင်တွင် ဆိုလေသည်၊ အမြစ်ကားဖြူ၏၊ စမ်း၍ကြည့်လိုမူ ကြိတ်ပြီးလျှင် သစ်စေးတွင်ခတ်၊ ၎င်းသစ်စေးဖြူ၏၊ ဂမုန်း အဖော်ရှိမှသာနေ၏၊ တစ်ပါးတည်းရှိခဲ့မူ မနေဟူ၍ ဆိုကြကုန်၏။

၄၂။ ဂမုန်းကျေးမြီး သည်ကား ကျေးတို့၏ သဏ္ဍာန်နှင့် အရွက်တူ၏။ ခေါင်း ကြက်သွန်ဖြူကဲ့သို့လည်းရှိ၏။ ဆင်သမား၊ နွားသမား၊ မြင်းသမားတို့ကို တံတွေးနှင့် တင်ရမူ လွတ်ကင်း

နိုင်သည်ဟု ဆရာတို့ ဆိုကြကုန်၏။

၄၃။ ဂမုန်းလဝန်းသည်ကား အပင်ရင်း နီကြန့်ကြန့်ရှိ၏။ အရွက်မှာကား ခတ္တာရွက် ကဲ့သို့ရှိ၏။ ခေါင်းကြက်သွန်ဖြူကဲ့သို့လည်းရှိ၏။ လှေခါးရင်းတွင် စိုက်ထားရမူ လာဘ်သပ္ပကာ တိုးတက်ဝင်ရောက်တတ်၏။

၄၄။ ဂမုန်းလဝန်းသည်ကား ခေါင်း ကြက်သွန်ဖြူကဲ့သို့ ရှိ၏။ အရွက်ကား ကဲ့ကော်၊ ပိတောက်ရွက် ပုံသဏ္ဍာန်၊ အချို့ကလည်း ခတ္တာ ခတောက်ရွက် ပုံသဏ္ဍာန်ရှိ၏ဟု ဆိုကြကုန်၏။ တစ်မိုက်တစ်ညိုသာရှိ၏။ အမြစ်သည် အဥလုံးရားရားရှိ၏။ အညွန့်ထွက်တိုင်း အဆစ်တွင် အမြစ်ရောက်၏။ အပင်အညွန့်တိုင်း ထွက်၏။ အညွန့်ထွက်တိုင်းလည်း အမြစ်ရောက်၏။

❖ ❖ ❖

## ဘာသာပြန်စာပေအသင်းထုတ်

## မြန်မာ့စွယ်စုံကျမ်း

### အတွဲ (၃) စာမျက်နှာ ၈မှ ၁၂ အထိတွင် အောက်ပါအတိုင်းဖော်ပြထားလေသည်။

ဂမုန်း။ ။ ဂမုန်းဟူသော အမည်မှာ ဥရှိသော အပင်များစွာတို့ကို ခြုံ၍ခေါ်သော အမည် ဖြစ်သည်။ အချို့မှာ အပင်ကြီးတွင် တွယ်ကပ် ပေါက် သော အဆင့်မျိုးဖြစ်သည်။ ပင်ဆင့်မျိုးမှာ ရုက္ခဗေဒအလိုအားဖြင့် ပါရာဆိုက်များ ဖြစ်သည်။ သာမန်အားဖြင့် ဂမုန်းသည် ပုတက်စာ၊ နနွင်း၊ တောက်တာ စသည်တို့နှင့်အတူ ကင်းဖိုရီးယား မျိုးစုတွင် ပါဝင်သည်ဟု ဆိုနိုင်သည်။ သို့သော် မြန်မာအခေါ်ဂမုန်းမှာ အလွန်များပြားလှ၍ ရုက္ခ ဗေဒ အမည်တစ်ခုတည်းကိုစွဲ၍ မယူအပ်ချေ။

ကျောက်ကျမ်း၊ ဂမုန်းကျမ်းနှင့် ကဝေသာရ ကျမ်းတို့တွင် ဂမုန်းမျိုးပေါင်း ၁၀၉ မျိုး ပြထားပေသည်။

၁။ ဂမုန်းဖြူ ။ ။ အမြစ်အဥ ဖြူသည်။ နနွင်းရွက်ကဲ့သို့ အရွက်ရှိသည်။ တစ်နှစ်တစ်ခါ နေရာရွှေ့ပြောင်း၍ ပေါက်တတ်သည်။ ဂမုန်းလည်ဟူ၍လည်း ခေါ်သေးသည်။

၂။ ဂမုန်းဖြူကျော် ။ ။ ထိုဂမုန်းကား ခတ္တာပင်ဖြစ်၏။ ဂမုန်းခတ္တာဖြူဟုလည်း ခေါ်သေးသည်။

၃။ ဂမုန်းနီ ။ ။ အပင်ရင်းမှာ နနွင်းကဲ့သို့ နီသည်။ အရွက်မှာ ဆိပ်ဖူးရွက်ကဲ့သို့ ပြာလဲ့လဲ့ ရှိသည်။ ဂမုန်းဥကို ထုံးမှာ ခတ်သော် ထုံးနီသည်။ ဟင်းပြဒါးကဲ့သို့ နီမှစစ်သည်။ ဥသည် နနွင်းဥ နနွင်းတက်ကဲ့သို့ ရှိသည်။

၄။ ဂမုန်းနက် ။ ။ အရွက်သည် နနွင်းရွက်ကဲ့သို့ သဏ္ဌာန်မှာ နက်သည်။ ခေါင်းကား မီးသွေးကဲ့သို့ မည်းသည်။

၅။ ဂမုန်းကတိုး ။ ။ အရွက်မှာလက်ဝါးခန့် ရှိ၍ ရှည်ဝန်းသည်။ မြေနှင့် တစ်ထွာ၊ တစ်မိုက်ခန့် ကပ်၍ ပေါက်တတ်သည်။

၆။ ဂမုန်းခတ္တာ ။ ။ ဂမုန်းကတိုးအရွက်ကဲ့သို့သော အရွက်ရှိသည်။ သို့ရာတွင် အရွက်အနား လက်တစ်လုံးခန့်နီသည်။ မြေပေါ်၌ ဖြစ်စေ၊ အဆောက်အအုံ အထက်များ ဆွေးမြည့်သော နေရာ၌ ဖြစ်စေ၊ ကျောက်မြေပေါ်၌ဖြစ်စေ ပေါက်တတ်သည်။ ဥမှာ ကြက်ဥအရွယ်ခန့်ရှိသည်။ အကြောင်၊ အနီ၊ အနက်၊ အဖြူ၊ အရွှေဟူ၍ အရောင်ကိုလိုက်၍ အမည်အမျိုးမျိုးရှိသည်။

၇။ ဂမုန်းခွေးလာ ။ ။ အရွက်မှာ လက်မခန့်ရှိ၍ ဆိပ်ဖူးရွက်ကဲ့သို့ ပြာပြာစိမ်းညိုညိုရှိသည့်ယင်းကို ဆောင်လျှင် ခွေးချစ်တတ်သည်ဟု ဆိုသည်။

၈။ ဂမုန်းကြက်လာ ။ ။ ဆိပ်ဖူးရွက်ကဲ့သို့ ရှိသည်။ စိမ်းချည် ပြာချည် အရောင်ပြေးသည်။

၁၀။ ဂမုန်းနွားလာ ။ ။ အရွက်ဝမ်းဘက်နီ၍ ကျောဘက်ညိုသည်။ အဖြူပြောက်များ ပါတတ်သည်။

၁၁။ ဂမုန်းပြောက်ကြီး ။ ။ နနွင်းပင်နှင့် တူ၏။ အရွက်အညိုရောင်ရှိ၍ အဖြူ ညွှင်းပြောက် ပါသည်။

၁၂။ ဂမုန်းပြောက်ငယ် ။ ။ ဆိပ်ဖူးရွက် သဏ္ဌာန် အရွက်ရှိ၍ ညှင်းပြောက်ကဲ့သို့ ရှိ၏။

၁၃။ ဂမုန်းရစ် ။ ။ နနွင်းပင်ကဲ့သို့ရှိ၍ အရွက် နီသည်။ အပြာအစိမ်းအပြောက်များ ပါရှိသည်။ အရွက်မှာထူ၍ အဖျား၌ထူစိမ်းသည်။

၁၄။ ဂမုန်းလိပ်မထွား ။ ။ အရွက်မှာ ဆိပ်ဖူးရွက် နှင့်တူသည်။ အရွက်ကျရာ၌ အပင်ပေါက်နိုင် သည်။ အပင်ပုသည်။ အမြစ်ဖျား မြေပေါ်၌ ပေါ်သည်။

၁၅။ ဂမုန်းလိပ်မေ့ ။ ။ အရွက်မှာ မဟော်ရာ ပိန်းရွက်နှင့်တူသည်။ အပင်သေး၍ အရွက်တစ်ချပ် တည်းရှိသည်။ အမြစ်တစ်ခုလုံးရှိ၍ အရိုးကို ဆိတ်သော် နို့စေးယိုထွက်သည်။

၁၆။ ဂမုန်းနာဆိတ်နား ။ ။ အရွက်မှာ ခတ္တာ ရွက်နှင့်တူသည်။ အမြစ်မှာ တမာရွက်နှင့်တူသည်။

၁၇။ ဂမုန်းလိပ်လာ ။ ။ အရွက်မှာ ဆိပ်ဖူး ရွက်နှင့်တူ၍ အတွင်းဝမ်းဘက်က အပြောက် ရှိသည်။ အမြစ်တွင် အပေါက် ရှိသည်။

၁၈။ ဂမုန်းသဃ်ာစင် ။ ။ ဇလတ္တာရွက်ကဲ့သို့ အရွက်ရှိ၍ အမြစ်လုံးသည်။

၁၉။ ဂမုန်းဂေါ်သဇင် ။ ။ အပွင့်ဖြူဖြူ အခိုင် ပွင့်သည်။ အနွယ်မျိုးဖြစ်၍ ရနံ့လည်းမွှေးသည်။

၂၀။ ဂမုန်းကာလကဏ္ဍီ ။ ။ အရိုးအရွက်နီ၍ ဥတွင် သရက်ကင်း ထွက်သည်။

၂၁။ ဂမုန်းဆင်ကာလကဏ္ဍီ ။ ။ ဆေးတစ်လုံး ပင်ကဲ့သို့နီ၏။ အကြောစိမ်းသည်။ ဥမှာ သရက် ကင်းဥကဲ့သို့ အတက်များပါရှိသည်။

၂၂။ ဂမုန်းမြင်းကာလကဏ္ဍီ ။ ။ အရိုး အရွက်နှင့် အကြောနီသည်။ အရွက်တစ်ဖက်စိမ်း သည်။ ဥမှာ သရက်ကင်းဥနှင့် တူ၏။

၂၃။ ဂမုန်းလူကာလကဏ္ဍီ ။ ။ အရွက်မှာ ကြက်သွန်ဖြူရွက်နှင့်တူသည်။ ဥတွင် ကြက်ခြေ ကဲ့သို့ အရာထင်သည်။

၂၄။ ဂမုန်းမ ။ ။ ရွှေရောင်ရှိ၏။ ကြောင်ပန်းပင်၊ ရှားစောင်းပင်တို့တွင်တွယ်ကပ်ပေါက်တတ်သည်။

၂၅။ ဂမုန်းကြက်တောင်စည်း ။ ။ အပင်မှာ အရင်းစု၍ အဖျားဖွာသည်။ ကြက်တောင်စည်း ကဲ့သို့ရှိသည်။ အရွက်၏ အရောင်အဆင်းမှာ စိမ်း ပြာပြာ ရှိသည်။ ချွန်သည်။ အမြစ်မှာ ခြကောင်ကဲ့ သို့ ရှိသည်။

၂၆။ ဂမုန်းကြက်တောင် ။ ။ အရွက်မှာ ချွန်၍ ကြက်တောင်နှင့်တူသည်။ ဖေ့ဒ်သီးကဲ့သို့ ဥတစ်လုံးတည်း ရှိသည်။

၂၇။ ဂမုန်းကြက်ညွှတ်ငယ် ။ ။ အညွှန့် အနွယ် ဝက်ကျွတ်ရွက်ကဲ့သို့ရှိ၍ အရွက်ကား သစ်လက်ရွှေရွက်ကဲ့သို့ ရှိသည်။

၂၈။ ဂမုန်းစမွါး ။ ။ နွားမြက်ရင်းရွက်နှင့် တူသောအရွက်ရှိသည်။ အရွက်ထူ၍ အရိုး စိမ်းသည်။ အမြစ်စုစုလုံးလုံးရှိသည်။ အစေးထွက်သည်။ ဂမုန်းစပါးလည်း ဟူ၏။

၂၉။ ဂမုန်းကြက်စောင်း ။ ။ အရွက်မှာ ကြက်တောင်နှင့်တူ၍ သွယ်လျားသည်။ အရောင်နီကြန့်ကြန့်ရှိသည်။

၃၀။ ဂမုန်းလက်ညှိုး ။ ။ အရွက်မှာ လက်ညှိုးသဏ္ဍာန်ရှိသည်။ သစ်ပင်ထက်၌ လည်းကောင်း၊ ကျောက်မြေပေါ်၌ လည်းကောင်း ပေါက်လေ့ရှိသည်။

၃၁။ ဂမုန်းကြက်မြီး ။ ။ အရိုးမှာ ကြက်မြီးသဏ္ဍာန် သွယ်သည်။ အရွက်မရှိ၊ သစ်ပင်ထက်၌

လည်းကောင်း၊ ကျောက်မြေပေါ်၌ လည်းကောင်း ပေါက်လေ့ရှိသည်။

၂၂။ **ဂမုန်းသဘော်ကာလကဏ္ဍ** ။ ။ အပင်မှာ ဆေးတစ်လုံး ပင်နှင့်တူသည်။ အဖြူအနီ နှစ်မျိုး ရှိသည်။ အရိုးကိုဆိတ်သော် နို့စေးယိုထွက်သည်။

၂၃။ **ဂမုန်းကျီးခြေကြီး** ။ ။ အရွက်မှာ ကျီးခြေ သဏ္ဍာန်ရှိသည်။ ကျောက်ပေါ်ပေါက်တတ်သည်။

၂၄။ **ဂမုန်းကျီးခြေငယ်** ။ ။ အရွက်မှာ ကျီးခြေ သဏ္ဍာန် အခွက်နှစ်ခွရှိသည်။ အပင် တစ်ထွာခန့် မြင့်သည်။ အင်တိုင်းများတွင် ပေါက်တတ်သည်။

၂၅။ **ဂမုန်းသံဆက်** ။ ။ အရွက်မရှိ၊ အံမြစ် ထွေးလိပ်နေတတ်သည်။ အဖြူအနီ နှစ်မျိုး ရှိသည်။ ဂမုန်းလက်ဆောင်လည်း ခေါ်သည်။

၂၆။ **ဂမုန်းကျောက်ငုံ** ။ ။ ဂမုန်းကျောက်သိုး ဟုလည်း ခေါ်သည်။ တွေ့ရခဲသည်။

၂၇။ **ဂမုန်းကိုယ်ရံကြီး** ။ ။ ခတ္တာပင်နှင့်တူ သည်။ အရွက်မှာ ဆပ်သွားရွက်ခန့် ကြီးသည်။ ဥမှာ ကြက်သွန်ဖြူခန့် ရှိသည်။

၃၈။ ဂမုန်းရန်မီး ။ ။ အရွက်မှာ ခတ္တာရွက် နှင့်တူသည်။ အပင်မကြီးတွင် ပင်ငယ်များရံ၍ ပေါက်တတ်သည်။တစ်ခါတစ်ရံ တစ်ဝက်သာရံသည်။

၃၉။ ဂမုန်းရန်လွတ်။ ။ဂမုန်းရန်မီးကဲ့သို့ အပင်ငယ်များရံ၍ ပေါက်တတ်သည်။ ယင်းဂမုန်းပင်ပတ်လည်၌ သစ်သားခြံစိုက်၍ ထားပါက တစ်နှစ်လည်သော် ခြံပြင်ဘက်၌ ပင်ပွားပေါက်သည်။

၄၀။ ဂမုန်းခတ္တာဖြူ ။ ။ အထက်ကပြခဲ့သော ဂမုန်းခတ္တာကို ကြည့်ပါ။

၄၁။ ဂမုန်းခတ္တာရွှေ ။ ။ အထက်ပါအတိုင်း ကြည့်။

၄၂။ ဂမုန်းလဝန်း ။ ။ အရွက်မှာ ကဲ့ကော်ရွက်သဏ္ဌာန်ရှိ၍ တစ်ညိုခန့်ရှည်သည်။ အမြစ်စုသည်။ ဥမှာ ကြက်သွန်ဖြူခန့် ရှိသည်။ အဆစ်တိုင်း အညွန့်ထွက်၍ အမြစ်ဖွားလည်း ထွက်သည်။

၄၃။ ဂမုန်းလဝန်းကြီး ။ ။ ကြက်သွန်ဖြူခေါင်းကဲ့သို့၊ ကတောက်ရွက်ကဲ့သို့ ရှိသည်။

၄၄။ ဂမုန်းကြက်တူရွေး ။ ။ သစ်ပင်တွင် ကပ်၍ ပေါက်သည်။ မရန်းရောင် အပွင့်ခိုင်များ ပွင့်သည်။ အရွက်ရှည်လျားသည်။

၄၅။ ဂမုန်းနှင်းပန်း ။ ။ အရွက်သွယ်သည်။ ကြက်သွန်ပွင့်ကဲ့သို့ အဖြူပွင့် ပွင့်သည်။ အပွင့်ရိုးတံ ရှည်သည်။

၄၆။ မီးကွင်းဂမုန်း ။ ။ အုံလိုက်ရုံလိုက် ရှိသည်။ အရွက်ရှည်သည်။ ယင်းကို စိုက်ပျိုးထားလျှင် မီးကွင်းသည်ဟု ဆိုသည်။

၄၇။ ဂမုန်းငွေလာ ။ ။ အရွက်ရှည်လျား ၍ အဖျားတွင်ချွန်သည်။ ပင်ခြေစု၍ ပင်ဖျားကား သည်။ ယင်းကို စိုက်ပျိုးထားလျှင် ငွေသည်များ တတ်သည် ဆိုသည်။

၄၈။ ဂမုန်းငွေလန် ။ ။ အပင်သဏ္ဍာန် မထင်မရှား၊ ယင်းကို စိုက်ပျိုးထားလျှင် ငွေသည် ပါးသည်ဟု ဆိုသည်။

၄၉။ ဂမုန်းကွင်းထိုး ။ ။ အရွက်များမှာ အလိပ်လိုက်ထွက်၍ တစ်ရွက်နှင့်တစ်ရွက် ငုံကာ အငုံမပြန့်မီအတွင်း နောက်တစ်ရွက်ထွက်သည်။

ယင်းဂမုန်းမှာ အနည်းငယ်ကြီးမှ ဤသို့အရွက်ကွင်းထိုးသည်။ အပင်ပေါက်စတွင် အရွက်သီးခြား ထွက်သည်။

၅၀။ ဂမုန်းဖား ။ ။ ဖားပြုတ်သဏ္ဌာန် ဥရှိသည်။

၅၁။ ဂမုန်းပင့်ကူ ။ ။ အပင်သဏ္ဌာန် မထင်ရှား၊ ဥမှာပင့်ကူသဏ္ဌာန် အမြစ်တက်များ ဖျာထွက်သည်။ အဆိပ်ပြေစေတတ်သည်ဟု ဆိုသည်။

၅၂။ ဒေါင်းဂမုန်း ။ ။ ယင်းမှာ အဖိုအမ နှစ်မျိုးကွဲပြားသည်။ အရွက်မှာ လက်ဝါးခန့် ဝန်းသည်။ ဒေါင်းမြီးသဏ္ဌာန် အနီအညိုနှင့် အဖြူကွက်များရစ်၍ပါရှိသည်။ အရွက်တွင် အလယ်ရစ်နှင့် အနားရစ်ကို ခွဲခြား၍ အဖိုအမဟု သိရသည်။ ညဉ့်အချိန်တွင် အရွက်ယှက်၍ ဘုရားရှိခိုးဟန် ပိတ်၍ အိပ်သည်။

၅၃။ ကွမ်းစားဂမုန်း ။ ။ အပင်သဏ္ဌာန် မထင်ရှား၊ ဥမှာ အတောင့်သဏ္ဌာန် ရှိသည်။ မွှေး ကြိုင်၍ ကွမ်းစားရာတွင် ထည့်၍ စားလေ့ရှိသည်။

၅၄။ နဂါးဂမုန်း ။ ။ နဂါးစက်ပင်ဟုလည်း ခေါ်သည်။ အရွက်တစ်တောင်ကျော်ခန့် ရှည်၍

အဝါအရစ်နားရှိသည်။ အရွက်တွင် အပြာပြောက်၊ အဖြူပြောက်များလည်းရှိ၏။

၅၅။ ဂမုန်းကိန္နရာ ။ ။ အပင်သဏ္ဌာန် မထင်ရှား၊ ယင်းမှာ ညအခါ လေမလာဘဲ အလိုအလျောက် ယိမ်းယိုင် နေတတ်သည်ဟု ဆိုသည်။ လူသံကြားလျှင် အကာရပ်သည်။

၅၆။ ဂမုန်းကျေးမြီး ။ ။ အရွက်သည် ကျေးတို့၏ သဏ္ဌာန်နှင့်တူသည်။ ကြက်သွန်ဖြူကဲ့သို့လည်း ရှိသည်။

၅၇။ ဂမုန်းကြွက်မြီး ။ ။ အရွက်ကြွက်မြီးသဏ္ဌာန် ရှိသည်။ ကျောက်တွင်၊ သစ်တွင်ပေါက်တတ်သည်။

၅၈။ ဂမုန်းကြွက်လျှာ ။ ။ ဆိပ်ဖူးရွက် သဏ္ဌာန် ပြာပြာစိမ်းစိမ်းရှိသည်။

၅၉။ ဂမုန်းခတက် ။ ။ ဂမုန်းကတိုးရွက်ကဲ့သို့ အတွင်းအနား လက်မတစ်လုံးခန့် ရေးရေးနီသည်။ မြေတွင်ခပ်ပြားပြား ပေါက်သည်။ ကျောက်တွင်သည်း ပေါက်သည်။

၆၀။ ဂမုန်းခြံကောင် ။ ။ အရွက် ကြက်တောင်ကဲ့သို့ သွယ်၏။ နီ၏။ အမြစ်အဖု ခြံကောင်ကဲ့သို့ ဖွေးဖွေးဝါဝါ ရှိ၏။

၆၁။ ဂမုန်းခြံလွတ် ။ ။ သဃ်ာစင်ခေါင်း ကဲ့သို့ ပေါက်သည့်တွင် တစ်ဝက်သာ အပင်ငယ်ရုံမိသည်။ တံခါးလည်း ရှိသည်။ စစ်မစစ်ကို သိလိုသော် သစ်ချွန်လည်၍စိုက်၊ တစ်နှစ်လည်လျှင် ပြင်သို့ ထွက်၍ ပေါက်၏။

၆၂။ ဂမုန်းဆိတ်နား ။ ။ ခတ္တာရွက်ကဲ့သို့ ရှိသည်။

၆၃။ ဂမုန်းဆိတ်ဖြူ ။ ။ ဝတ်ကျွတ်ရွက်ကဲ့သို့ အရွက်အညွှန့်တိုင်း ဆူးရှိသည်။ ဆိတ်သော် နို့ရည်ကဲ့သို့ အစေးထွက်၏။

၆၄။ ဂမုန်းညှင်းပြောက်ငယ် ။ ။ ဆိပ်ဖူးရွက်ကဲ့သို့ မြေတွင် ပျပ်ပျပ်ဝပ်၍ အရွက်၌ ညှင်းပြောက် ရှိသည်။

၆၅။ ဂမုန်းတိမ်ပြာ ။ ။ ဥကိုခွဲကြည့်လျှင် ပြာသောအရောင် ရှိသည်။

၆၆။ ဂမုန်းစကား ။ ။ ဆိပ်ဖူးရွက်ကဲ့သို့ အတွင်းပြောက်သည်။ လက်ယပ်သကဲ့သို့ တလှုပ်လှုပ် ရှိသည်။

၆၇။ ဂမုန်းနန္ဒင်း ။ ။ အလုံး အဖုအမြစ် ရှိသည်။ အပင်အရွက် တစ်နှစ်တစ်ခါ လဲသည်။

၆၈။ ဂမုန်းပြာသဒ် ။ ။ အကြောညိုရာတွင် အဖြူရောင်ပျော့ပျော့ ရှိ၏။

၆၉။ ဂမုန်းရှင်ဘုရင်ယယ် ။ ။ ဆေးတစ်လုံးပင် ကဲ့သို့ ရှိ၏။ ငှက်ပျောရွက်ကဲ့သို့ အဖျားက တိတိ ဝန်းဝန်းရှိ၏။ အရွက်နီ၏။ ခေါင်းမှာ ငှက်ပျော ခေါင်း ပိန်းခေါင်းကဲ့သို့ ရှိ၏။

၇၀။ ဂမုန်းရွှေသွယ် ။ ။ အပ်လုံးခန့်၊ ဝင်ရိုးလုံးခန့် သဏ္ဍာန်ရှိ၏။ အရွက်မရှိ၊ ထွေးထွေးနေသည်။

၇၁။ဂမုန်းလက်ဆက် ။ ။ ဂမုန်းလက်ယှက် လည်း ခေါ်သည်။ ဝတ်ကျွတ်ရွက်ကဲ့သို့ သဏ္ဍာန်တူ၏။ အမြစ်စုစုရုံးရုံး ရှိတတ်၏။

၇၂။ ဂမုန်းအင်း ။ ။ နတ်တော်လတွင် သစ်ပင်ကြီးများပေါ်၌ ပွင့်တတ်သော ဂမုန်း ဖြစ်သည်။

❖ ❖ ❖

# အညွှန်း

ဂမုန်းပင်များကို တိုက်တာနေအိမ် ကျက်သရေ ဆောင်ပန်းအဖြစ်လည်းကောင်း၊ ဂမုန်းပင်များ၏ အကျိုးသက်ရောက်မှုကို ယုံကြည်၍ လည်းကောင်း စိုက်ပျိုးလေ့ရှိကြသည်။

အချို့ကျမ်းများတွင် ဂမုန်းတစ်ထောင်ရှိသည် ဟူ၍လည်းကောင်း၊ ကျောက်ကျမ်း၊ ဂမုန်းကျမ်း၊ ကဝေသာရကျမ်းတို့တွင် ဂမုန်းအမျိုးပေါင်း (၁၀၉) မျိုး ရှိသည်ဟူ၍ လည်းကောင်း၊ ရေးသားထားကြပါသည်။ မည်သို့ဆိုစေ ဂမုန်းသည် ဆေးဖက်ဝင်ကာ ထွက်ရပ်လမ်းသို့လည်း ပို့ဆောင်နိုင်သည်။ ဥစ္စာ စည်းစိမ်ချမ်းသာနှင့်လည်း ပြည့်စုံစေနိုင်သည့်ပြင် စုန်း၊ နတ်၊ ပယောဂဘေး၊ ရန်သူ ဘေးတို့မှလည်း

ကာကွယ်ပေးတတ်သည်ဟု ကျမ်းဟောင်းများတွင် ဖွင့်ဆို ရေးသားထားကြပါသည်။

ဂမုန်းပင် စိုက်ပျိုးကြရာတွင် မိတ်ဖက်၊ ဓာတ်ဖက်များရွေး၍ စိုက်ပျိုးမှသာ စီးပွားလာဘ်ရွှင်၊ သိဒ္ဓိဝင်စေပါသည်။ သို့အတွက် အန္တော၊ ဂဗ္ဘော၊ စရေ ဝံသေဟူသော ဓာတ်ဖက် အရ-

- တနင်္ဂနွေသားသမီး၏ ဓာတ်ဖက်ကား စနေနံ့ဂမုန်း
- တနင်္လာသားသမီး၏ ဓာတ်ဖက်ကား ကြာသပတေးနံ့ဂမုန်း
- အင်္ဂါသားသမီး၏ ဓာတ်ဖက်ကား ရာဟုနံ့ဂမုန်း
- ဗုဒ္ဓဟူးသားသမီး၏ ဓာတ်ဖက်ကား သောကြာနံ့ဂမုန်း
- ကြာသပတေးသားသမီး၏ ဓာတ်ဖက်ကား တနင်္လာနံ့ဂမုန်း
- သောကြာသားသမီး၏ ဓာတ်ဖက်ကား ဗုဒ္ဓဟူးနံ့ဂမုန်း
- စနေသားသမီး၏ ဓာတ်ဖက်ကား တနင်္ဂနွေနံ့ဂမုန်း တို့ ဖြစ်သည်။

မိတ်ဖက်ဂမုန်းပင်များ စိုက်ပျိုးကြမည် ဆိုလျှင်–

အောင်+ပ၊ ကု+လား၊ ဆွေ+သား၊ တော်+ရင်း ဟု ဆိုအပ်သော မိတ်နံ့အရ–

- ❖ တနင်္ဂနွေသားသမီး၏ မိတ်ဖက်အရ ကြာသပတေးနံ့ဂမုန်း
- ❖ တနင်္လာသားသမီး၏ မိတ်ဖက်အရ ဗုဒ္ဓဟူးနံ့ဂမုန်း
- ❖ အင်္ဂါသားသမီး၏ မိတ်ဖက်အရ သောကြာနံ့ဂမုန်း
- ❖ ဗုဒ္ဓဟူးသားသမီး၏ မိတ်ဖက်အရ တနင်္လာနံ့ဂမုန်း
- ❖ ကြာသပတေးသားသမီး၏ မိတ်ဖက်အရ တနင်္ဂနွေနံ့ဂမုန်း
- ❖ သောကြာသားသမီး၏ မိတ်ဖက်အရ အင်္ဂါနံ့ဂမုန်း
- ❖ စနေသားသမီး၏ မိတ်ဖက်အရ ရာဟုနံ့ဂမုန်း

ရာဟုသားသမီး၏ မိတ်ဖက်အရ စနေနံ့ဂမုန်း စသည့် ဂမုန်းပင်များ စိုက်ပျိုးသင့်ပေသည်။

အသက်ရှည်စေလိုလျှင် မိမိမွေးနံ့၏ အာယု အရပ်တွင် လည်းကောင်း၊ ဘုန်းတန်ခိုးကျော်စော စေလိုလျှင် မိမိမွေးနံ့၏ တေဇအရပ်တွင်လည်း ကောင်း စိုက်ပျိုးအပ်ပေသည်။

မွေးနံ့အလိုက် အာယုအရပ်နှင့် တေဇအရပ် တို့ကို ဖော်ပြရလျှင်–

❖ တနင်္ဂနွေသားသမီး၏ အာယုအရပ်သည် အရှေ့အရပ်။
   တနင်္ဂနွေသားသမီး၏ တေဇအရပ်သည် အနောက်အရပ်။
❖ တနင်္လာသားသမီး၏ အာယုအရပ်သည် အရှေ့တောင်။
   တနင်္လာသားသမီး၏ တေဇအရပ်သည် အနောက်မြောက်။
❖ အင်္ဂါသားသမီး၏ အာယုအရပ်သည် တောင်။
   အင်္ဂါသားသမီး၏ တေဇအရပ်သည် မြောက်။
❖ ဗုဒ္ဓဟူးသားသမီး၏ အာယုအရပ်သည် အနောက်တောင်။

အသက်ရှည်စေလိုလျှင် မိမိမွေးနံ့၏ အာယု အရပ်တွင် လည်းကောင်း၊ ဘုန်းတန်ခိုးကျော်စော စေလိုလျှင် မိမိမွေးနံ့၏ တေဇအရပ်တွင်လည်း ကောင်း စိုက်ပျိုးအပ်ပေသည်။

မွေးနံ့အလိုက် အာယုအရပ်နှင့် တေဇအရပ် တို့ကို ဖော်ပြရလျှင်-

- တနင်္ဂနွေသားသမီး၏ အာယုအရပ်သည် အရှေ့အရပ်။
  တနင်္ဂနွေသားသမီး၏ တေဇအရပ်သည် အနောက်အရပ်။
- တနင်္လာသားသမီး၏ အာယုအရပ်သည် အရှေ့တောင်။
  တနင်္လာသားသမီး၏ တေဇအရပ်သည် အနောက်မြောက်။
- အင်္ဂါသားသမီး၏ အာယုအရပ်သည် တောင်။
  အင်္ဂါသားသမီး၏ တေဇအရပ်သည် မြောက်။
- ဗုဒ္ဓဟူးသားသမီး၏ အာယုအရပ်သည် အနောက်တောင်။

ဗုဒ္ဓဟူးသားသမီး၏ တေဇအရပ်သည်
အရှေ့မြောက်။

❖ ကြာသပတေးသားသမီး အာယုအရပ်သည်
အနောက်မြောက်။
ကြာသပတေးသားသမီး၏တေဇအရပ်သည်
အရှေ့တောင်။

❖ သောကြာသားသမီး၏ အာယုအရပ်သည်
အရှေ့မြောက်။
သောကြာသားသမီး၏ တေဇအရပ်သည်
အနောက်တောင်။

❖ စနေသားသမီး၏ အာယုအရပ်သည်
အနောက်အရပ်။
စနေသားသမီး၏ တေဇအရပ်သည်
အရှေ့အရပ်။

❖ ရာဟုသားသမီး၏ အာယုအရပ်သည်
မြောက်အရပ်။
ရာဟုသားသမီး၏ တေဇအရပ်သည်
တောင်အရပ်တို့ ဖြစ်ပါသည်။ သို့အတွက်
မိမိနှစ်သက်ရာ အာယု၊ တေဇ အရပ်တို့တွင် ဂမုန်း

ပင်များ စိုက်ပျိုးလျှင် အလိုရှိရာ ပြီးပြည့်စုံစေနိုင်ပါသည်။ အတိတ် တဘောင် နိမိတ်ဆောင်၍ ဓာတ်ဖက်၊ မိတ်ဖက် ဂမုန်းပင်များ စိုက်ပျိုးသင့်ကြောင်း ရေးသား တင်ပြအပ်ပါသည်။

❖ ❖ ❖

နေ့အလိုက် ဓာတ်ဖက်၊ မိတ်ဖက်ဂမုန်းပင်များ

❖ တနင်္ဂနွေ – ဒေါင်းဂမုန်းဖို/မ၊ ပတ္တမြားဂမုန်း။

❖ တနင်္လာ – ပတ္တမြားဂမုန်း၊ လဝန်းဂမုန်းဖို/မ။

❖ အင်္ဂါ – ရန်လွတ်ဂမုန်း၊ ဂမုန်းပြဿဒ်၊ ရှင်သီဝလိဂမုန်း၊ ဂမုန်း ဂေါသဇင်။

❖ ဗုဒ္ဓဟူး – ရှင်သီဝလိဂမုန်း၊ ဂမုန်းပြဿဒ်၊ ကုဋ္ဌာသယ ကျိုးမင်းဂမုန်း။

❖ ကြာသပတေး–ကုဋ္ဌာသယကျိုးမင်းဂမုန်း၊ အောင်သိဒ္ဓိဂမုန်း၊ အင်းဂမုန်း။

❖ သောကြာ – လဝန်းဂမုန်းဖို/မ၊ ဂမုန်းစေတီ။
❖ စနေ – အောင်သိဒ္ဓိဂမုန်း၊ အင်းဂမုန်း။
❖ ရာဟု – ဒေါင်းဂမုန်းဖို/မ၊ ပတ္တမြားဂမုန်း။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဓာတ်ဖက်၊ မိတ်ဖက်များအရ ဂမုန်းပင်များကို စိုက်ပျိုးကြရန် တင်ပြခဲ့ပြီး ဖြစ်ပါသည်။ ဓာတ်ဖက်၊ မိတ်ဖက်များ သာမက မိမိမွေးနံ့အလိုက်၊ မိမိနှစ်သက်ရာ ဂမုန်း ပင်များကိုလည်း စိုက်ပျိုးနိုင်ကြောင်း အချို့ ကျမ်း များတွင် ရေးသားထားသည်ကို လေ့လာ တွေ့ရှိ ရပါသည်။ မိမိမွေးနေ့အလိုက် ဂမုန်းပင်များ စိုက်ပျိုးလိုပါက အောက်ပါဂမုန်းပင်များ စိုက်ပျိုး နိုင်ကြပါသည်။

❖ ❖ ❖

## နေ့အလိုက် စိုက်ပျိုးသင့်သည့် ဂမုန်းများ

တနင်္ဂနွေ – အင်းဂမုန်း၊ အောင်သိဒ္ဓိဂမုန်း။
တနင်္လာ – မီးကွင်းဂမုန်း၊ ဘောဂကြီးဂမုန်း၊ ဘောဂလေးဂမုန်း၊မယ်တော်ကြီး ဂမုန်း။

အင်္ဂါ – ဂမုန်းစေတီ၊ ဂမုန်းဂေါ်သဇင်၊ လိပ်ပြာဂမုန်းခေါ်ဇော်ဂျီမှတ်ဆိတ်ဂမုန်း။

ဗုဒ္ဓဟူး – လဝန်းဂမုန်းဖို/မ၊ ရှင်သီဝလိဂမုန်း။

ကြာသပတေး – ပတ္တမြားဂမုန်း၊ ဂမုန်းပလ္လင့်ဆင့် အနီ/ အဖြူ။

သောကြာ – ဟင်္သာဂမုန်း၊ ဂမုန်းပြဿဒ်၊ ရှင်သီဝလိဂမုန်း။

စနေ – ဒေါင်းဂမုန်းဖို/မ။

ရာဟု – ရန်လွတ်ဂမုန်း တို့ဖြစ်ပါသည်။

❖ ❖ ❖

## စီးပွားလာဘ်ရွှင် သိဒ္ဓိဝင်ဂမုန်းများ

### ကွင်းထိုးဂမုန်း (ဂွင်းထိုးဂမုန်း)

ကွင်းထိုးဂမုန်းပင်မှာ အရွက်များ တစ်ရွက်နှင့် တစ်ရွက် ကွင်းသဏ္ဍာန်ဖြစ်ပြီး ရွက်ချင်းယှက်နွယ်ထိုးသည့် ဂမုန်းဖြစ်သည်။ အပင်များ ပွားလာသောအခါ တစ်ပင်နှင့်တစ်ပင် ပေါင်းစပ်၍ ကွင်းအဖြစ် ထိုးထွက်ကြသည်။ ကွင်းထိုးဂမုန်း ကွင်းများများထိုးလေ စီးပွားလာဘ်လာဘ တိုးတက် လေဖြစ်သည်။

အချို့ဂမုန်းပင်စိုက်သူများ ကွင်းထိုးဂမုန်းစိုက်သော်လည်း ကွင်းမထိုးဘဲ ရှိနေတတ်သည်။ စီးပွားလာဘ်လာဘနည်းပါးသည့် နိမိတ်ဖြစ်၍ မည်သို့ပင် ကြိုးစားစေကာမူ အောင်မြင်မှုနည်းပါးကြောင်း သိရလေသည်။



ကွင်းထိုးဂမုန်းပင် (ငွင်းထိုးဂမုန်း)

ကိုယ်ဝန်ဆောင် မိန်းမများ ထိကိုင်ခြင်းပြုလုပ်ပါက ကွင်းများ ပြေလျော့တတ်သည်။ အမွှေးနံ့သာ ပက်ဖျန်းခြင်း၊ အမွှေးတိုင်ထွန်းခြင်း၊

ကင်ပွန်းတရော်များဖြင့် ဆေးကြောခြင်းပြုမှသာ ကွင်းများ ပြန်လည်ထိုးကာ လုပ်ငန်း၊ အကြံ အစည်များ အောင်မြင်ကြောင်း လေ့လာတွေ့ရှိရ ပါသည်။

အများအားဖြင့် ပင်စည်မှ ထွက်သော အရွက် သည် မိမိပင်စည်တွင်ရှိသော အရွက်၌သာလျှင် ကွင်းထိုးတတ်ပါသည်။


ရှေးဟောင်းဂမုန်းကျမ်းများတွင် ကွင်းထိုး ဂမုန်းစိုက်လျှင် မျက်နှာပွင့်လန်း၍ စီးပွား လာဘ်လာဘ ပေါများတတ်ကြောင်းကို လေ့လာ တွေ့ရှိရပါသည်။

အထူးသဖြင့် တနင်္လာသားသမီးတို့၏ အဆောင်ပန်းအဖြစ် စိုက်လျှင် သင့်လျော် ကောင်းမွန်ကြောင်း တင်ပြရေးသားလိုက် ပါသည်။

❖ ❖ ❖

# ကျောက်စိမ်းဂမုန်း

ကျောက်စိမ်းဂမုန်းကို ပြောက်ကလေးဂမုန်း ဟူ၍လည်း ခေါ်ကြသည်။ စီးပွား၊ လာဘ်လာဘ ပွင့်လန်းစေသည့် ဂမုန်းတစ်မျိုးဖြစ်သည်။ တစ်ပင်လျှင် တစ်ရွက်သာထွက်ပြီး ဖူးတံကဲ့သို့ သော အပွင့်ဖြူ ပွင့်တတ်သည်။



ကျောက်စိမ်းဂမုန်းပင်

နွေမိုးဆောင်း ရာသီသုံးမျိုးတွင် ဆောင်း ရာသီနှင့် မိုးရာသီတွင် အပွင့်များဝေဝေဆာဆာနှင့် အရွက်များကြားမှ ထွက်ပေါ်ကာ လှပတင့်တယ် ပါသည်။

ဂမုန်းဝါသနာရှင်တိုင်း စိုက်ပျိုးကြသည်ကို တွေ့ရသည်။

ပြောက်ကလေးဂမုန်းခေါ် ကျောက်စိမ်းဂမုန်းကို စိုက်ပျိုးလျှင် စီးပွားလာဘ်လာဘပေါများ စေကြောင်း ရှေးဟောင်းကျမ်းများတွင် ရေးသားထားသည်ကို လေ့လာတွေ့ရှိရပါသည်။

သဲမြေနှင့် မြေဆွေးရောစပ်လိုက်ပါက အရွက်များကြီးမား၍ ရိုးတံရှည်ကာ ပို၍လှပတင့်တယ်တတ်ပေသည်။ ဂမုန်းဝါသနာရှင်တိုင်း စိုက်ပျိုးသင့်သည့် သိဒ္ဓိဝင် ဂမုန်းပင် တစ်ပင်ဖြစ်ပါသည်။

✣ ✣ ✣

# ငှက်ကြီးတောင်ဂမုန်း

ငှက်ကြီးတောင်ဂမုန်းမှာ ခတ္တာနွယ်ဝင် ဂမုန်းတစ်မျိုးဖြစ်သည်။ ရေကြိုက်သောအပင်ဖြစ်၍ မိုးရာသီတွင်ဖြစ်စေ၊ ရေများများလောင်းပေး၍ဖြစ်စေ အပွင့်ဖြူကြီးများ ပွင့်တတ်ပါသည်။

ငှက်ကြီးတောင်ဂမုန်းမှာ အရွက်များ ရှည်လျားပြီး အနားတွန့်ကာ ငှက်ကြီးတောင်မေးကဲ့သို့ ရွက်တံရှည်ပါသည်။ ကြက်သွန်ဥကဲ့သို့ ဥကြီးများရှိသည်။

ငှက်ကြီးတောင်ဂမုန်းစိုက်လျှင်၊ သူခိုး–ဓားပြ အန္တရာယ်ကင်းရှင်းသည်ဟု ရှေးလူကြီးများ ပြောစကားကို မှတ်သားဖူးပါသည်။



ငှက်ကြီးတောင်ဂမုန်းပင်

ငှက်ကြီးတောင် ဂမုန်းအား သိသူနည်း၍ မစိုက်ကြသော်လည်း ပါရမီရိပ်သာရှိ တိုက်တစ်တိုက်တွင် ခြံတွင်းပတ်လည်၌ ငှက်ကြီးတောင် ဂမုန်းတစ်မျိုးတည်း စိုက်ထားပြီး စီးပွားရေး အဆင် ပြေလျက်ရှိကြောင်း လေ့လာတွေ့ရှိရ ပါသည်။

ဂမုန်းမှန်သမျှ သိဒ္ဓိရှိမြဲမို့ ဂမုန်းဝါသနာ ရှင်တိုင်း စိုက်ပျိုးနိုင်စေရန် လေ့လာတင်ပြခဲ့ရ ပါတော့သည်။

## ဘောဂကြီးဂမုန်း

၎င်းဂမုန်းသည် ဆေးဖက်ဝင်ကာ ထွက်ရပ် လမ်းသို့လည်း ပို့ဆောင်နိုင်၏။ စည်းစိမ်ဥစ္စာနှင့် လည်း ပြည့်စုံစေနိုင်သည့်ပြင်၊ လောကီပညာ ဆန်းကြယ်မှုကို ဖန်တီးပေးရာတွင် ဂမုန်း အပါ အဝင် ဖြစ်သည်ဟု နက္ခတ္တဗေဒပညာရှင် ဝဏ္ဏ ကျော်ထင် ပျဉ်းမနား ဆရာကြီး ဦးသန်းမောင်၏ မှတ်တမ်းတစ်ခုတွင် မှတ်သားဖူးပါသည်။



ဘောဂကြီးဂမုန်းပင်

သုံးရက်၊ သုံးလ၊ သုံးနှစ်အတွင်း အစောင့် အရှောက် ဂမုန်းပင်စောင့်နတ်များ ရောက်လာ

တတ်သည်ဟု ဂမုန်းကျမ်းပေါင်းများတွင် ဖွင့်ဆို ထားပါသည်။

ဂန္ဓီရနံ့ယဉ်သော သစ်ပင်များထဲတွင် ဂမုန်းသည် ထိပ်တန်းမှ ပါဝင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၁၉၉၅ ခုနှစ်၊ စက်တင်ဘာလတွင် စာရေးသူရေးသားခဲ့သည့် "ဘောဂလေးဂမုန်း" အကြောင်းဆောင်းပါး နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ပါဝင်ခဲ့ပြီးနောက် စာရေးသူအိမ်သို့ ပါရမီရိပ်သာ၊ နှင်းဆီလမ်းမှ ဓမ္မမိတ်ဆွေ ဦးစန်းလွင် ရောက်လာပြီး ဘောဂကြီးဂမုန်းပင် လက်ဆောင်ပေးခဲ့ ပါသည်။

အမြဲတေစရာ အမြဲတေစဆိုသကဲ့သို့ စာရေးသူသည် ဂမုန်းပင်များအား လက်တွေ့ သုတေသနပြုနေသူ ဖြစ်သည့်အတွက် စာရေးသူထံ၌ရှိနေသော ဘောဂလေးဂမုန်းမှာ "အမ" ဖြစ်ပြီး ဦးစန်းလွင်လက်ဆောင်ပေးလာသည့်ဘောဂကြီးဂမုန်းမှာ "အဖို" ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

လောကနိယာမအရ အဖို၊ အမရှိသကဲ့သို့ ဂမုန်းပင်များလည်းအဖို၊ အမရှိပါသည်။ စီးပွားဂမုန်းပင်မျိုးစုံ ရှိသည့်အနက် လာဘ်လာဘ

သိဒ္ဓိထူး ပေးရာတွင် နာမည်နှင့်လိုက်အောင် ထူးခြားသည့် ဂမုန်းမှာ ဘောဂကြီးဂမုန်း ဖြစ်ကြောင်း ဦးစန်းလွင် ပြောခဲ့ပါသည်။ ဘောဂကြီးဂမုန်းအကြောင်း ဦးစန်းလွင်နှင့် ဆွေးနွေးရာ စာရေးသူက–

"ဦးစန်းလွင်ပေးတဲ့ ဘောဂကြီးဂမုန်းရဲ့ ထူးခြားချက်ကိုသိရင် ပြောပြပါလား"

"ကျွန်တော်တို့ ဌာနက ဦးစိမ့်မှူးကတော်နဲ့ ကျွန်တော့်ဇနီးက ကျောင်းနေဖက် သူငယ်ချင်းတွေမို့ ဂမုန်းအကြောင်း စကားစပ်မိပြီး တစ်ဦးနဲ့တစ်ဦး ဂမုန်းချင်းဖလှယ်လို့ ဘောဂကြီးဂမုန်းပေးတဲ့အခါ မေနသိဒ္ဓိ၊ လာဘသိဒ္ဓိ၊ ပိယသိဒ္ဓိ၊ သိရိသိဒ္ဓိ၊ ဇေယျ သိဒ္ဓိစတဲ့ သိဒ္ဓိငါးပါးပြီးတဲ့အပြင် လာဘသိဒ္ဓိပေးရာမှာ ထူးခြားကြီးမားကြောင်း ဦးစိမ့်မှူးကတော်က ပြောခဲ့ပါတယ်။ ကျွန်တော်ကိုယ်တိုင် သတိထား လေ့လာမိတဲ့အခါ ဘောဂကြီး ဂမုန်းပွင့်တာနဲ့ ကျွန်တော် ထီပေါက်တာ ကြုံနေတယ်ဆရာ"

အထက်ပါအတိုင်း ဦးစန်းလွင်က ဘောဂကြီးဂမုန်းပေးရင်းပြောခဲ့ပါတယ်။ စာရေးသူကလည်း

ရွှေမရှား ငွေမရှားဂမုန်းပင် လက်ဆောင်ပေးလိုက်ပါတယ်။

စာရေးသူထံသို့ ၁၉၉၅ခုနှစ် အောက်တိုဘာလတွင် ဘောဂကြီးဂမုန်းရောက်လာပြီး အချိန်ယူသုတေသနပြုခဲ့ရာ ၁၉၉၈ခုနှစ်၊ နွေလရောက်သောအခါ ဘောဂကြီးဂမုန်းမှာ အရွက်များဝေဝေဆာဆာဖြစ်လာပြီး အပွင့်လည်းဆက်တိုက်ပွင့်ခဲ့ပါသည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် လုပ်ငန်းအမျိုးမျိုးမှ လာဘ်လာဘများ ဝင်လာမစဲ တဖွဲဖွဲ ဖြစ်ခဲ့ပါသည်။

ကူညီမစသူများ၊ လုပ်ငန်းသစ် ဖန်တီးပေးသူများ ပေါ်ပေါက်ခဲ့ပါသည်။ ဂမ္ဘီရနှင့် ဆက်နွှယ်နေသော သစ်ပင်များတွင် ဂမုန်းသည်ထိပ်မှ ပါဝင်သည်ဆိုသည့် အချက်ကို လက်ခံယုံကြည်မိပါသည်။

ဘောဂကြီးဂမုန်းပင်မှာ ဘောဂလေး ဂမုန်းပင်ထက် အရွက်ကြီးပြီး အစိမ်းရင့်ပေါ်တွင် အဖြူကွက် ပေါ်လွင်နေပါသည်။ တစ်နှစ်တစ်ကြိမ်ပွင့်သည့်အပင်မျိုး မဟုတ်ဘဲ ပွင့်ချင်သည့်အချိန်မှာပွင့်တတ်ပါသည်။

စီးပွားလာဘ်လာဘ တိုးတက်တော့မည်ဆိုလျှင် အပွင့်များ ဆက်တိုက်ပွင့်တတ်ပါသည်။ အတိတ်နိမိတ်ပေးသော ဂမ္ဘီရနှယ်သည့် ဂမုန်းပင်ဖြစ်ပါသည်။

ချမ်းသာကြီးဂမုန်း၊ သူကြွယ်ဂမုန်း၊ ရွှေလာငွေလာဂမုန်း၊ ဘောဂလေးဂမုန်း စသည့် အတိတ်နိမိတ်ဆောင်သည့် ဂမုန်းပင်များအနက် ဂမုန်းဝါသနာရှင် ပြည်သူများ အတိတ်နိမိတ်ယူကာ ကျက်သရေဆောင်ဂမုန်း စိုက်ပျိုးတော့မည်ဆိုလျှင် သိဒ္ဓိငါးပါးပြီးလျက် လာဘသိဒ္ဓိပေးရာတွင် ထူးခြား ကြီးမားသော စီးပွားလာဘ်ရှင် သိဒ္ဓိဝင်ဂမုန်း ဖြစ်သည့် ဘောဂကြီး ဂမုန်းပင်အား စိုက်ကြည့်စမ်းပါဟု စေတနာထား၍ ရေးသားတင်ပြ လိုက်ရပါတော့သည်။

❖ ❖ ❖

## သူကြွယ်ဂမုန်း

သူကြွယ်ဂမုန်းမှာ မြေပြင်မှ ၃" မှ ၄" ထိမြင့်ကာ အရိုးအဆက်များမှ အရွက်ထွက်ကာ ဝေဝေဆာဆာနှင့် ကြည့်ကောင်းပါသည်။ အရွက်

စိမ်းပေါ်တွင် အနက်စက်ကလေးများ ၆-စက်မှ ၁၀-စက်အထိ ရှိတတ်ပါသည်။

အချို့က ငုံးဂမုန်းနှင့် မှားတတ်ပါသည်။ သူကြွယ်ဂမုန်းမှာ အပွင့်ဖြူကလေးများပွင့်တတ်ပါသည်။



သူကြွယ်ဂမုန်းပင်

ကုန်သည်ပွဲစားများအတွက် အရောင်းအဝယ်ပွဲ မြန်စေကြောင်း လက်တွေ့ လေ့လာမိပါသည်။

သူကြွယ်ဂမုန်းပင်စိုက်ပြီး အမွေးနံ့သာများ ပက်ဖျန်းပါက သိသိသာသာစီးပွားလာဘ်လာဘ

တိုးတက်စေကြောင်း ဂမုန်းမိတ်ဆွေများ ပြောကြား၍ မှတ်သားဖူးပါသည်။

စီးပွားလာဘ်ရှင် သိဒ္ဓိဝင့်ဂမုန်းများထဲတွင် ဂမုန်းဝါသနာရှင်တိုင်းစိုက်ပျိုးသင့်ကြောင်း မေတ္တာထား၍ ရေးသားတင်ပြလိုက်ရပါတော့သည်။

❖ ❖ ❖

## တိုးလာကြီးဂမုန်း

တိုးလာကြီးဂမုန်းသည် မယ်တော်ကြီးဂမုန်းကဲ့သို့ သဏ္ဌာန်တူသော်လည်း မယ်တော်ကြီးဂမုန်းမှာ အစိမ်းသက်သက်အရွက်ကြီးဖြစ်လျက် တိုးလာကြီးဂမုန်းမှာ အရွက်စိမ်းပေါ်တွင် အဖြူစင်းနှင့် အစက်အပြောက်များရှိပါသည်။

တိုးလာကြီးဂမုန်းပုံသဏ္ဌာန်ကိုပြလုပ်၍ ကန်တိုက်ကြီးများတွင် ရောင်းလျက်ရှိကြောင်း တွေ့ရပါသည်။ တိုးလာကြီးဂမုန်းစိုက်ပျိုးလျှင် စီးပွားလာဘ်လာဘတိုးတက်သည်နှင့်အမျှ အိမ်သို့လည်း ဧည့်သည် မကြာခဏ လာကြောင်း လက်တွေ့ လေ့လာတွေ့ရှိရပါသည်။

တိုးလာကြီးဂမုန်းသည် လူတိုင်းအလွယ်တကူ မတွေ့ရှိနိုင်သော်လည်း သေသေချာချာလေ့လာလျှင် ခွဲခြားသိနိုင်ပါသည်။




တိုးလာကြီးဂမုန်းပင်

ဂမုန်းဝါသနာရှင်များဖြစ်စေ၊ စီးပွားလာဘ်လာဘရွှင်လန်းလိုသူများဖြစ်စေ စိုက်ပျိုးသင့်သော ဂမုန်းဖြစ်ကြောင်း တင်ပြလိုက်ရပါတော့သည်။

✣ ✣ ✣

## ဟင်္သာဂမုန်း အဖို၊ အမ

ဟင်္သာဂမုန်းမှာ အဖို–အမ ဟူ၍ နှစ်မျိုး ရှိပေသည်။ နှစ်မျိုးလုံး အရွက်များ လှပပြန့်ကား ပြီး ဟင်္သာတောင်နှင့် တူသဖြင့် ဟင်္သာဂမုန်းဟု ခေါ်ကြကြောင်း ဂမုန်းကျမ်းဟောင်းတွင် ဖွင့်ဆို ရေးသားထားပေသည်။



ဟင်္သာဂမုန်း အဖို၊ အမပင်

ဟင်္သာအဖို–အမတွဲစိုက်လျှင် စီးပွာလာဘ် လာဘ တိုးတက်ပြီး အကြံအစည်အောင်မြင် ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဟသ်ာဂမုန်းအရွက်မှာ ဒေါင်းဂမုန်းအရွက်နှင့် သဏ္ဍာန်တူ၍ မှားတတ်လေသည်။

ဟသ်ာဂမုန်း အဖိုအမ တွဲစိုက်ပြီး နေ့စဉ် သမ္ဗုဒ္ဓေဂါထာ (၉) ခေါက်ရွတ်ဆိုပွားများပြီး ရေလောင်းပါက စီးပွားလာဘ်လာဘ တိုးတက် စေကြောင်း လေ့လာတွေ့ရှိရပါသည်။

ပရိတ်တော်ဂါထာများ၏ တန်ခိုးသိဒ္ဓိနှင့် အကျိုးပေးသော ဂမုန်းပင်များ၏ ထက်မြက်သော စွမ်းအားပေါင်းစပ်လိုက်သောအခါအတိတ်ကောင်း နိမိတ်ကောင်းများနှင့် စီးပွားလာဘ်လာဘ တိုးတက်စေသည်မှာ ကိုယ်တွေ့ပင် ဖြစ်ပါသည်။

စီးပွားလာဘ်ရွှင် သိဒ္ဓိဝင်ဂမုန်းများတွင် ဟသ်ာဂမုန်း အဖို အမတွဲ၍ စိုက်ပြီး အိမ်အလှ ကျက်သရေဆောင်စေကြောင်း စေတနာထား၍ ရေးသားတင်ပြလိုက်ရပါသည်။

❖ ❖ ❖

## ကဿာသယ ကျီးမင်းဂမုန်း

သိဒ္ဓိဝင်ဂမုန်းများထဲတွင် ကဿာသကျီးမင်း ဂမုန်းသည် ရှေ့ဆုံးမှ ပါဝင်သည်။ ကျီးဖိုဂမုန်း၊ ကျီးမဂမုန်း၊ ကဿာသယကျီးမင်း ဂမုန်းဟူ၍ ကျီးဂမုန်း သုံးမျိုးရှိသည့်အနက် ကဿာသယ

ကျီးမင်းဂမုန်းသည် စီးပွားလာဘ်ရှင်သိဒ္ဓိဝင်ဂမုန်း ဖြစ်သည်။

ကျီးဖိုကျီးမ ဂမုန်း၂မျိုးသည် အရွက်သေးပြီး အပွင့်ဖြူကလေးများ ပွင့်တတ်ပါသည်။ ကျီးသာလျှင် ဧည့်လာသည် ဆိုစကားအရ ကျီးဂမုန်း ဖိုမ ပွင့်လျှင် ဧည့်သည်လာတတ်သည်။ အိမ်သာယာ၍ ဧည့်သည်လာသည်ဆိုလျှင် မမှားပါ။



ကုဿာသယ ကျီးမင်းဂမုန်းပင်

ကုဿာသယ ကျီးမင်းဂမုန်းမှာ မြေပြင်၌ တစ်ပတ်လျှင်တစ်ရွက်သာထွက်ပြီး မြေသြဇာ လိုက်၍ ရိုးတံရှည်ပါသည်။ လှပ၍ ကျက်သရေ ရှိပါသည်။

ကြက္ကဋ္ဌသဿယကျီးမင်းဂမုန်း စိုက်ပျိုးသူများသည် အပင်ပွားများသည်နှင့် အထိုက်အလျောက် အကျိုးကျေးဇူးများ ဖြစ်ထွန်းကြောင်း လေ့လာတွေ့ရှိပါသည်။

ကြက္ကဋ္ဌသဿယ ကျီးမင်းဂမုန်းစိုက်ပျိုးသောအခါ ပန်းအိုးအောက်ခြေတွင် ကြေးပြားခံ၍ မြေကောင်း မြေသန့်များထည့်ကာ ကြက္ကဋ္ဌသဿယ ကျီးမင်း ဂမုန်းကို စိုက်ပြီး ရွှေရည်၊ ငွေရည် လောင်းလျက် စိုက်ပျိုးပါက လာဘ်လာဘပေါများကာ ကြီးပွား တိုးတက်စေကြောင်း လေ့လာတွေ့ရှိပါသည်။


ကြက္ကဋ္ဌသဿယ ကျီးမင်းဂမုန်း စိုက်ပျိုးသည့် အိမ်များတွင် အရောင်းအဝယ်လုပ်ငန်း တိုးတက် အောင်မြင်ခြင်း၊ လူချစ်လူခင်များခြင်း၊ လာဘ် လာဘ်ပေါများခြင်း စသည့် အကျိုးကျေးဇူးများ ခံစားကြရကြောင်း တွေ့ရပါသည်။

ကြက္ကဋ္ဌသဿယ လိုတိုင်းရ ဆိုသကဲ့သို့ ကြက္ကဋ္ဌ သဿယ ကျီးမင်းဂမုန်းအား ဂမုန်းဝါသနာ ရှင်တိုင်း စိုက်ပျိုးသင့်ကြောင်း တင်ပြလိုက်ရပါတော့ သည်။

❖ ❖ ❖

# ဂမုန်း ပလ္လင်ဆင့် အနီနှင့် အဖြူ

ဂမုန်းပလ္လင်ဆင့် အနီနှင့်အဖြူကို အချို့ဒေသများတွင်စစ်ကုန်းနီ၊ စစ်ကုန်းဖြူ ဟူ၍ခေါ်ကြပါသည်။ ဂမုန်းပလ္လင်ဆင့်အဖြူမှာ အနီထက်ရှားပြီး စိုက်သူနည်းပါသည်။



ဂမုန်း ပလ္လင်ဆင့် အနီနှင့် အဖြူ

ဂမုန်းပလ္လင်ဆင့် အနီမှာ ရိုးတံနီပြီး အရွက်အနားကွပ်များ အနီရောင်ဖြင့် ကွပ်ထားသလိုရှိပါသည်။ ဂမုန်းပလ္လင်ဆင့်အဖြူမှာ ဗောဓိဂမုန်းနှင့်

သဏ္ဍာန်တူလျက် အပင်နှစ်မျိုးစလုံး ရေမြေလိုက်၍ အရွက်ကြီးမားကြသည်။ ဂမုန်းပလ္လင်ဆင့် အနီခံက အနီပွင့်ပြီး ဂမုန်းပလ္လင်ဆင့်အဖြူက အစိမ်းခံ အဖြူဝတ်ဆံဖြင့် ပွင့်သည်။

ဂမုန်းပလ္လင်ဆင့် အနီ၏အမြစ်မှာ မွှေးပါသည်။ ညအခါပို၍ သင်းပျံ့ပျံ့မွှေးပါသည်။

စီးပွားလာဘ်ရွှင်စေသည့် "ဇဟိမိတ္တံ" ဂါထာတော်တစ်ထောင်ရွတ်၍ ဂမုန်းပလ္လင်ဆင့် အဖြူနှင့်အနီ အမြစ်အားအခြောက်လှန်း အမှုန့်ပြု၍ အတောင့်လုပ်ကာ သိဒ္ဓိတင်ပြီး ဆေးတောင့်ကိုသွေး၍ နှုတ်ခမ်းမှာ သုတ်လျက် စကားပြောလျှင် ချစ်သူခင်သူ ပေါများစေသည်။ပြောတိုင်းအောင်မြင်စေသည်။ ဆေးတောင့်ကိုသွေး၍ နံ့သာရည်နှင့် ရောစပ်ကာ မိမိရောင်းသော ကုန်ပစ္စည်းအားပက်ဖျန်းသော် ရောင်းပန်း ပွင့်လန်းစေသည်။

# ဟေဝ မိတ္တံ ဂါထာတော်

ဟေဝမိတ္တံ၊ ဟဝိတံပုညံ၊ ယထာကာစိ၊ ကတံ ဖလံ၊ ဟေဝိနန္ဒာ၊ ပိယာပုတ္တာ၊ ပိယာသိရီ၊ ပိယာ ပိယာ၊ ဩဘင်း-သုဝဏ္ဏံ ဟာရဒွေဖလံ၊ ဩဘင်း ကာယ မနသိ မာမတ္တာရ၊ သဟာဿ ပရိဝါရာယ၊ ဝိသာခါယ၊ ဖောဓိသတ္တာယ၊

သဗ္ဗနဂရေ၊ သဗ္ဗဂါမေ၊ သဗ္ဗဂေဟာ၊ သဗ္ဗ ဇနာနံ၊ သဗ္ဗ လာဘာ မိတ္တံ ဘဝန္တုမေ၊ မမ သန္တိကေ ဟေဝ ဟေဝ။

အထက်ပါဂါထာတော်အား တစ်ထောင် ရွတ် ဆိုပြီး ဂမုန်းပလ္လင်ဆင့် အနီအဖြူအား အခြောက် လှန်း၊ အမှုန့်ထောင်း၊ အတောင့်ပြု သိဒ္ဓိတင်ရန် ဖြစ်သည်။ သိဒ္ဓိတင်သောအခါ စ.ခ.ဗ.ဝ ဂါထာ တော်အား ၃၇-အုပ်မန်း၍ တင်ရန်ဖြစ်သည့် စမလေးလုံးဂါထာဖြစ်ပြီး အပြည့်အစုံမှာ-

□ စကျေးမှာစရ မှာစိဏ္ဍော၊
□ ဓမ္မညူ ဓမ္မသာမိကော၊
ဗလူပေတော ဗလဓရော၊
ဝရဒေါ ဒေတုမေဝရံ

ဖြစ်ပါသည်။

ဂမုန်းပလ္လင်ဆင့်အနီနှင့်အဖြူတို့၏ သိဒ္ဓိစွမ်းအားရှိသည် မရှိသည်ကို ဝေခွဲပိုင်းခြားမရသော်လည်း၊ဗောဓိမိတ္တံဂါထာတော်နှင့် စမလေးလုံးဂါထာခေါ် ဓာတ်ကြီးလေးပါး ဂါထာတော်တို့မှာ သိဒ္ဓိစွမ်းအားကြီးမာကြောင်း ဘာသာရေး မဂ္ဂဇင်းများတွင် ဖော်ပြရေးသားထားသည်ကို တွေ့ရပေမည်။

ဂမုန်းဝါသနာရှင်တိုင်း လက်တွေ့စိုက်ပျိုးပြီး၊ လိုရာသိဒ္ဓိပြီးမြောက်နိုင်စေရန် မေတ္တာထားရေးသားတင်ပြအပ်ပါသည်။

❖ ❖ ❖

## လဝန်းဂမုန်း အဖိုနှင့်အမ

လဝန်းဂမုန်းမှာ အဖိုနှင့်အမဟူ၍ နှစ်မျိုး ရှိသည်။ လဝန်းဂမုန်း အဖို၏အရွက်သည် အမ အရွက်ကဲ့သို့မဝိုင်းဘဲရှည်ပြီး နှစ်မျိုးလုံး ဥမှ အပင် ဖြစ်လာသည်။



လဝန်းဂမုန်း အဖိုနှင့်အမပင်

လဝန်းဂမုန်းအဖို၏အပွင့်မှာ အမအပွင့်ထက် ကြီးပြီး ဖြူဖွေးလှပသည်။နွေမိုးဆောင်း ဥတုသုံးပါး လုံး ရေမြေလိုက်၍ စိမ်းလန်းစိုပြေ(ပြည်)တတ်ပါ သည်။ ချိန်ခါမရွေး ပွင့်တတ်သည်။ လဝန်းဂမုန်း အမပွင့်သည် နှင်းပန်းနှင့် သဏ္ဍာန်တူသည်။

၁၉၆၂ ခုနှစ်ကွင် ရမည်းသင်းမြို့ရှိ လုပ်ငန်းရှင် တစ်ဦးအိမ်၌ လဝန်းဂမုန်းအဖိုအရွက်မှ စ-မ-ဗ-ဝ

ပေါ်ပြီး အပွင့်ပွင့်ကာ စီးပွားလာဘ်လာဘ တိုးတက်ကြောင်း မှတ်သားဖူးပါသည်။ လဝန်းဂမုန်း အမအရွက်အား မီးကင်ပြီး အနာစိမ်းကပ်ပေးလျှင် နလျှင်ပိန်၍၊ ရင့်လျှင်ပေါက်ပြီး အနာပျောက်ကြောင်း ဝေ့လာတွေ့ရှိရပါသည်။ လဝန်းဂမုန်း စိုက်ပျိုးလျှင် စီးပွားလာဘ်ရှင် ဆေးဖက်ဝင်ရုံမက ပယောဂနိုင်သော သိဒ္ဓိဝင် ဂမုန်းဖြစ်ကြောင်း ရေးသား တင်ပြလိုက်ရပါတော့သည်။

❖ ❖ ❖

## အင်းဂမုန်း

အင်းဂမုန်းသည် ဥမှ ပေါက်ပွားသည့် အပင်မျိုးဖြစ်ပြီးအရွက်တစ်ရွက်ချင်းထွက်ကာလှပကျက်သရေရှိသည့် ဂမုန်းဖြစ်သည်။



အင်းဂမုန်းပင်

အပွင့်လည်းပွင့်တတ်သည်။ အချို့ဒေသတွင် ရောကြီးဂမုန်းဟုခေါ်ကြသည်။ အများအားဖြင့် အင်းဂမုန်းဟူ၍သာ လူသိများပေသည်။

အင်းဂမုန်းကို တနင်္ဂနွေသားသမီးတို့ အဆောင်ဂမုန်းအဖြစ် စိုက်ကြသည်။ ဗုဒ္ဓဟူးသားသမီးတို့ စိုက်လျှင် အင်းဝဟူသော ရန်ခတ်ကြောင့် အနှောင့်အယှက်ဖြစ်စေကြောင်း မှတ်သားဖူးပါသည်။

အင်းဂမုန်းစိုက်လျှင် အနှောင့်အယှက် ကင်းဝေးစေသည်ဟု ရှေးဟောင်းကျမ်းများတွင် ဖွင့်ဆိုထားပေသည်။ကျန်းမာရေးကိုကောင်းစေသည်ဟု ဆိုကြသည်။

ဆေးကောင်းလျှင် တစ်စက်၊ အင်းကောင်းလျှင်တစ်ကွက် ဆိုသကဲ့သို့ အင်းဂမုန်း၏ သိဒ္ဓိအားကြောင့် အနှောင့်အယှက် ရန်ဘေးကင်းဝေးပြီး ကျန်းမာလာဘ်ရွှင်စေကြောင်း ရှေးဟောင်းကျမ်းများတွင် ရေးသားထားသည်ကို မှတ်သားဖူးပါသည်။

ကျန်းမာချမ်းသာဟူသော ဆောင်ပုဒ်အတိုင်း ကျန်းမာချမ်းသာလိုသူတိုင်း အင်းဂမုန်း စိုက်ပျိုးသင့်ကြောင်းလေ့လာတင်ပြလိုက်ရပါတော့သည်။

❖ ❖ ❖

# ဖအောင်သိဒ္ဓိဂမုန်း

တဘောင်အတိုက်ရှိသည့်ဂမုန်းပင်ဖြစ်သည်။ အပင်မှာ အရွက်ပြားပြီး ပြန့်ကားလျက် ယပ်တောင်သဖွယ် ဖြစ်နေသည်။ အရွက်ထဲမှ ရိုးတံထွက်လာ အပွင့်ပွင့်တတ်သည်။

အပွင့်ပွင့်သောအခါ အဝါရောင်ပွင့်ဖတ်အတွင်းခရမ်းရောင်ပွင်ဖတ်တစ်လွှာ ရှိပြန်သည်။ အပွင့်မှ အရွက်အမြစ်ထွက်ကာ အပင်သစ်ရရှိသကဲ့သို့ မြေပြင်မှလည်း အပင်သစ် ထွက်တတ်သည်။

အောင်သိဒ္ဓိဂမုန်းပင်မှာ လာဘ်လာဘကိုခေါ်ပြီး ဘေးရန်ကိုကာကွယ်စေသည့် တဘောင်အတိုတ်ရှိသည့် အောင်သိဒ္ဓိဂမုန်း ဟုလည်း ခေါ်ကြသည်။

အောင်သိဒ္ဓိဂမုန်း စိုက်ပျိုးထားခြင်းဖြင့် ကုန်သည်များအတွက် ရောင်းပန်းပွင့်လန်းစေသကဲ့သို့ ဘေးရန်အသွယ်သွယ်မှ ကင်းဝေးစေကြောင်း လေ့လာတွေ့ရှိရပါသည်။



အောင်သိဒ္ဓိဂမုန်းပင်

ပညတ်သွားရာ ခေတ်သက်ပါဆိုသကဲ့သို့ စီးပွားရေးလုပ်ငန်း၊ အနုပညာလုပ်ငန်း စသည်တို့ တိုးတက်အောင်မြင်လိုသူတိုင်း စီးပွားလာဘ်ရှင် သိဒ္ဓိဝင်သည့် အောင်သိဒ္ဓိဂမုန်းအားရှာပြီး စိုက်ကြည့်စမ်းပါဟု တိုက်တွန်း ရေးသားလိုက်ရပါတော့သည်။

## ပတ္တမြားဂမုန်း

ကျောက်ကျမ်း၊ ဂမုန်းကျမ်းနှင့် ကဝေသာရ ကျမ်းတို့တွင် ဂမုန်းမျိုးပေါင်း(၁၀၉)မျိုးရှိကြောင်း ရေးသားထားပြီး ဖြစ်သည်။

"ဂမုန်းသည် ဆေးဖက်ဝင်ကာ ထွက်ရပ်လမ်း သို့လည်း ပို့ဆောင်နိုင်၏။ ဥစ္စာစည်းစိမ်ချမ်းသာ နှင့်လည်း ပြည့်စုံစေနိုင်သည့်ပြင် ရန်သူ ဘေးများ ကိုလည်း ကာကွယ်ပေးတတ်သည်။ လောကီ ပညာ ဆန်းကြယ်မှုကို ဖန်တီးပေးရာတွင်လည်း ဂမုန်းအပါအဝင် ဖြစ်သည်။"

ဟု နက္ခတ္တဗေဒပညာရှိကြီး ပျဉ်းမနား ဆရာ ဦးသန်းမောင်၏ (၇-၁၀-၆၂)ရက်နေ့စွဲဖြင့် ရေးသားထုတ်ဝေသည့် မြန်မာ့အလင်းသတင်းစာ မှ ဟောစာတမ်းကောက်နုတ်ချက်ကို မှတ်သား ဖူးပါသည်။

စာရေးသူကိုယ်တိုင် ဂမုန်းမျိုးစုံ သုတေသန ပြုခဲ့သည်မှာ နှစ်ပေါင်း (၂၀) နီးပါး ရှိခဲ့ပြီး ဆေး ဖက်ဝင်သော ဂမုန်း၊ စီးပွားလာဘ်ရွှင် သိဒ္ဓိ ဝင်သည့် ဂမုန်းများကို လေ့လာခဲ့ပါသည်။

စီးပွားလာဘ်ရှင် သိဒ္ဓိဝင်သည့် ဂမုန်းများထဲမှ လိပ်ပြာဂမုန်း (ခေါ်) ဇော်ဂျီမုတ်ဆိတ်ဂမုန်း၊ ဘောဂကြီးဂမုန်း ၊ ဘောဂလေးဂမုန်း၊ ရွှေလာငွေလာဂမုန်း၊ သူကြွယ်ဂမုန်း စသည့်ကဲ့သို့ အကျိုးပေးသန်သော စီးပွားလာဘ်ရှင် သိဒ္ဓိဝင်ဂမုန်းမှာ ပတ္တမြား ဂမုန်းပင်ဖြစ်သည်။



ပတ္တမြားဂမုန်းပင်

ပတ္တမြားဂမုန်းမှာ နာနတ်ပင်နှင့် သဏ္ဌာန်တူသော်လည်းသေချာစွာကြည့်လျှင်ကွဲပြားပါသည်။ နာနတ်ရွက်မှာရှည်ပြီးအဖျားချွန်လျက် အရွက်

ဘေးများတွင် ဆူးများကဲ့သို့ရှိကာ ပတ္တမြားဂမုန်း ပင်ရွက်မှာ နာနတ်ရွက်လောက် မရှည်ဘဲ ထိပ်ဖျား ဝိုင်းပါသည်။ အရွက်ဘေးများတွင် ဆူးမရှိပါ။

တစ်ပင်မှာ တစ်ကြိမ်သာပွင့်ပြီး နောက်ထပ်မံ မပွင့်ဘဲ အပင်ကြာရှည်စွာ ရှင်သန်ပါသည်။ ထို့ နောက် မြေပြင်မှ အပင်သစ်ထွက်ကာ မျိုးပွား တတ်ပါသည်။

ပတ္တမြားဂမုန်းပွင့်သည့်အခါ အရွက်များ အလယ်မှ ပတ္တမြားကဲ့သို့ ဖူးတံနီထွက်လာကာ ရိုးတံရှည်လျက်ပွင့်လာတတ်ပါသည်။ ပွင့်သော အခါ ပွင့်ဖတ်လေးများထိပ်တွင် အနီရဲရောင် အပွင့်တံများ ဝန်းရံပြီးပွင့်တတ်သည်။ တဖြည်း ဖြည်း အနီရဲရောင်မှ ပန်းရောင် ပြောင်းတတ် ပါသည်။

ပတ္တမြားဂမုန်းသည် "ပတ္တမြားမှန်လျှင် နွံမှာ နှစ်သော်လည်းမနစ်" ဆိုသည့်အတိုင်း အတိတ် တဘောင် နိမိတ်ဆောင်သည့် ဂမုန်းဖြစ်ပါသည်။

စီးပွားလာဘ်လာဘ တိုးတက်တော့မည် ဆိုလျှင် သို့မဟုတ် ငွေအစုလိုက်အပြုံလိုက် ဝင် တော့မည်ဆိုလျှင် ပတ္တမြားဂမုန်း ပွင့်တတ် ပါသည်။

ပတ္တမြားဂမုန်းပွင့်လျှင် အပွင့်အားဖြတ်လျက် ဘုရားပန်းအဖြစ် တင်ပြီး ပဋ္ဌာန်း (၂၄) ပစ္စည်း (၂၄)ကြိမ်ရွတ်ဖတ်ပူဇော်ပါက စီးပွားလာဘ်လာဘ တိုးတက်စေကြောင်း ကျမ်းဟောင်းများတွင် လေ့လာ မှတ်သားဖူးပါသည်။

ပတ္တမြားဂမုန်းပွင့်ပြီး မကြာမီရက်ပိုင်း၊ လပိုင်းတွင် ထီပေါက်၍ဖြစ်စေ၊ ကုန်သည်များအတွက် ရောင်းပန်း ပွင့်လန်း၍ဖြစ်စေ ငွေအစုလိုက် အပြုံလိုက် ဝင်တတ်ပါသည်။

စာရေးသူကိုယ်တိုင် စိုက်ပျိုးထားသည့် ပတ္တမြားဂမုန်းမှာ ၁၉၉၆– ခုနှစ်၊ ဒီဇင်ဘာလတွင် တစ်ကြိမ်ပွင့်ပါသည်။ ထီနှစ်သောင်းဆု ပေါက်ခဲ့ပါသည်။

၁၉၉၇–ခု၊ ယခုနှစ် စက်တင်ဘာလတွင် နောက် ထပ်မံ၍ အပင်နှစ်ပင်မှ တစ်ပြိုင်နက် အပွင့်ပွင့်ပါသည်။ ထီမပေါက်သေးသော်လည်း ကိုယ်ပိုင်လုပ်ငန်း တိုးတက်ကောင်းမွန်ပြီး စီးပွားလာဘ်လာဘ တိုးတက်ကောင်းမွန်ပါသည်မှာ စာရေးသူ၏ကိုယ်တွေ့ဖြစ်ပါသည်။

ဂမုန်းဝါသနာရှင် ပြည်သူများအနေနှင့် မိမိတို့အိမ်တွင် ကျက်သရေဆောင် ဂမုန်းပင်များစိုက်ပျိုးမည်ဆိုလျှင် စီးပွားလာဘ်ရွှင် သိဒ္ဓိဝင်ဂမုန်းများတွင် ရှေ့တန်းကပါဝင်လျက် အတိတ်နိမိတ်များ ကြိုရစေနိုင်သည့် ပတ္တမြား ဂမုန်းအားစိုက်ကြည့်ကြပါဟု စေတနာထား၍ ရေးသားတိုက်တွန်းလိုက်ရပါတော့သည်။

❖ ❖ ❖

## ဂမုန်းစေတီ

ခုနစ်ရက်သားသမီးတို့ နေ့အလိုက်ဂမုန်းပင်များစိုက်ရာတွင် ဂမုန်းအားလုံး၏အချုပ် ဂမုန်းစေတီကိုစိုက်လျှင် ရန်ဘက်ဂမုန်းပင်များ စိုက်မိသော်လည်း မခိုက်ဘဲ အကာအကွယ်ပေးသည်ဟု ရှေးဟောင်းကျမ်းများတွင်ဖွင့်ဆို ရေးသားထားသည်ကို မှတ်သားဖူးပါသည်။

ဂမုန်းစေတီ ရွက်ဖတ်များ တစ်လွှာချင်းကြွေရာမှ ဥပေါ်လာပြီး စေတီသဏ္ဌာန် ဖြစ်လာသည်ကိုတွေ့ရပါသည်။ ထို့ကြောင့်လည်း ဂမုန်းစေတီဟုခေါ်ခြင်း ဖြစ်ပေမည်။

ဂမုန်းစေတီသည် တပေါင်းလတွင် ရိုးတံရှည်များမှ အဖူးများထွက်ကာ အဝါရောင်အပွင့်များ ပွင့်တတ်ပါသည်။ အချို့အိမ်များတွင် အသီးသီးသည်ကို ကိုယ်တွေ့လေ့လာတွေ့ရှိရပါသည်။



ဂမုန်းစေတီပင်

ဂမုန်းစေတီအား မိမိအိမ်၏ ခေါင်းရင်းတွင် စင်နှင့်စိုက်သင့်ပေသည်။ ဂမုန်းစေတီဆိုသည့် အတိုင်း အိမ်ခေါင်းရင်းမှာသာ စိုက်ပျိုးရပေမည်။ ဖိနပ်ချွတ်နှင့် လူသွားလမ်းဘေးတွင်စိုက်ပါက

ဥများပုပ်ပြီး သေသွားတတ်ပါသည်။ အပွင့်များ ပွင့်လျှင် လာဘ်လာဘပေါ်များကာ စီးပွား တက်ကြောင်း လေ့လာတွေ့ရှိရပါသည်။

အန္တရာယ်ပေးတတ်သော ကုမုဒြာကြာ ဂမုန်း များ စိုက်ထားလျှင်သော်မှ ဂမုန်းစေတီ စိုက်ထား ခြင်းဖြင့် ဘေးအန္တရာယ်မှ ကင်းဝေးစေကြောင်း လေ့လာတွေ့ရှိရပါသည်။

မိမိအိမ်တွင် စိုက်ပျိုးရန်မသင့်သည့် ဆင် ဂမုန်း၊ ဗေဒါဂမုန်း၊ ကုမုဒြာကြာဂမုန်းများ စိုက်ပျိုး ထားမိသော်လည်း စေတီဂမုန်း စိုက်ထားပါက မိမိ အားမရိုက်ဘဲ ဘေးအန္တရာယ် ကာကွယ် ပေးတတ်ပါသည်။

ဘေးရန်အသွယ်သွယ် အန္တရာယ်အပေါင်းမှ ကင်းဝေးကာ စီးပွားလာဘ်ရှင် သိဒ္ဓိဝင်သည့် ဂမုန်းစေတီအား စိုက်ပျိုးသင့်ကြောင်း လေ့လာ တင်ပြလိုက်ရပါတော့သည်။

•

❖ ❖ ❖

## ပဒေသာဂမုန်း

ပဒေသာဂမုန်းကို ဂမုန်းဝါသနာရှင်တိုင်း မသိကြပါ။ ရှားပါးသော ဂမုန်းတစ်မျိုးဖြစ်သည့် နှစ်ရှည်အပင်ကြီးမျိုး ဖြစ်သည်။ အရွက်များ ရှည်ကာ ပင်စည်ကြီးလာပြီး အရွက်များအလယ်မှ ဖူးတံထွက်ကာအပွင့်ပွင့်၊အသီးသီးတတ်ပါသည်။



ပဒေသာဂမုန်းပင်

အပွင့်ပွင့်သောအခါ ပဒေသာပင်ကဲ့သို့ ဖြစ်ပြီး ၄၊၅၊၆ လအထိ ကြာတတ်သည်။ ထိုကဲ့သို့ အပွင့်

ပွင့်သောအခါ စီးပွားလာဘ်လာဘများ ဒီရေ
အလား တိုးတက်စေပါသည်။

အပွင့်မှ အသီးဖြစ်ကာ ကြွေကျပြီး မျိုးပွား
တတ်သည်။ မြေပြင်မှ နောက်ထပ်ထွက်သည့်
အပင်မျိုးမဟုတ်ပေ။ ဥလည်းမရှိဘဲ အပွင့်အသီးမှ
အမြစ်ထွက်ကာ မျိုးဆက်သစ်များ ဖြစ်ပေါ်
စေသည့် ဂမုန်းတစ်မျိုး ဖြစ်သည်။

နေပူဒဏ်၊ ရေမိုးဒဏ်ခံနိုင်သည့်ဂမုန်းတစ်မျိုး
ဖြစ်ပြီး စိုက်ပျိုးသူအား အထူး အကျိုးပေးသည့်
ဂမုန်းဖြစ်သည်။

မြန်မာပြည် အထက်ပိုင်းဒေသတို့တွင် တွေ့ရှိ
ရသည်။ စီးပွားလာဘ်ရွှင် သိဒ္ဓိဝင် ဂမုန်းဖြစ်သည့်
အတွက် ဂမုန်းဝါသနာရှင်တိုင်း ရှာဖွေ စိုက်ပျိုး
သင့်ကြောင်းရေးသားတင်ပြလိုက်ရပါတော့သည်။

⁘ ⁘ ⁘

## ချမ်းသာကြီးဂမုန်း

ချမ်းသာကြီး ဂမုန်းသည် အရွက်ဝိုင်းကြီး
ထဲတွင် အဖြူစင်းများထင်ရှားစွာပါရှိပြီး အရွက်
စိမ်းပေါ်တွင် ကတ္တီပါအရောင် ပြေးနေသည့်
ဂမုန်းပင် ဖြစ်သည်။

အရွက်ထူပြီးကြီးသော်လည်း နေပူကြောက်သည့် ဂမုန်းဖြစ်သည်။ အပွင့်ပွင့်သောအခါ ပွင့်တံရှည်ပြီး ပွင့်တံရင်းတွင် အရွက်ဖတ်လေးများ ပေါ်လာတတ်သည်။

အချို့ဒေသများတွင် ရန်အောင်ဂမုန်းဟု ခေါ်ကြသည်။ အပြိုင်အဆိုင်တွေ့လျှင် ချမ်းသာကြီးခေါ် ရန်အောင်ဂမုန်းကြောင့် အောင်မြင်ခြင်း၊ အလိုဆန္ဒပြည့်ဝခြင်း စသည့် အကျိုးကျေးဇူးများကို ခံစားရကြောင်း လေ့လာတွေ့ရှိရပါသည်။



ချမ်းသာကြီးဂမုန်းပင်

ဂမုန်းဝါသနာရှင်များက ချမ်းသာကြီးဂမုန်းဟူသောပညတ်ကြောင့် အတိတ်တဘောင် နိမိတ်ဆောင်၍ စိုက်ကြသည်။ စီးပွား လာဘ်လာဘအတွက် ထူးထူးခြားခြား အကျိုးသက်ရောက်မှုမျိုး မတွေ့ရသော်လည်း အပြိုင်အဆိုင် လုပ်ငန်းများ၊ မိမိရန်ဘက်နှင့် အပြိုင်ရင်ဆိုင်ရသည့် အမှုအခင်းများအတွက် အနိုင်ရစေရန် မိမိကိုယ်တိုင်ငါးပါးသီလခံယူပြီး၊ ပရိတ်ရေလောင်း၊ အမိဋ္ဌာန်ပြုပါက အောင်မြင်စေကြောင်း မှတ်သားဖူးပါသည်။

ဘေးရန်အောင်မြင်ပြီး စိတ်၏ ချမ်းသာခြင်းကို ဖွမ်းဆောင်စေသည့် သိဒ္ဓိဝင်ဂမုန်းဖြစ်၍ ဂမုန်း ဝါသနာရှင်တိုင်း စိုက်ပျိုးသင့်ကြောင်း တိုက်တွန်း ရေးသားလိုက်ရပါတော့သည်။

❖ ❖ ❖

## မယ်တော်ကြီးဂမုန်း

မယ်တော်ကြီးဂမုန်းမှာ နေရာအနှံ့အပြားတွေ့မြင်ရသော ဂမုန်းဖြစ်သည်။ အချို့ဒေသတွင် သူရဿတီဂမုန်းဟု ခေါ်ကြသည်။

မယ်တော်ကြီးဂမုန်း၏ ထူးခြားချက်မှာ အပင်သစ်များပေါက်တိုင်း မြေကြီးထဲမှသာ ထပ်မံ ပေါက်ပွားခြင်းပင်ဖြစ်သည်။



မယ်တော်ကြီးဂမုန်းပင်

သို့သော်ထူးထူးခြားခြား စီးပွားတိုးတက်မည့် အိမ်များတွင် အပင်၏အလယ်မှ ကိုင်းသစ် သဏ္ဍာန် အပင်ခွဲထွက်လာပြီး ပွင့်တတ်ပါသည်။ ထိုအခါ ကူညီမစမည့်သူများပေါ်လာတတ်သည်။

ဂမုန်းပင်များ၏ သိဒ္ဓိနှင့်ပတ်သက်၍ စာရေးသူ လေ့လာခဲ့သည်မှာ အနှစ် ၂၀–ခန့် ရှိခဲ့ပါသည်။

မယ်တော်ကြီးဂမုန်းနှင့် ပတ်သက်၍ စာရေးသူ ကြုံတွေ့ရသည့် အဖြစ်အပျက်မှာ မယ်တော်ကြီး ဂမုန်းပင်နှင့် အခြားဂမုန်းများ စိုက်ထားရာ တစ်နေ့တွင် မယ်တော်ကြီးဂမုန်းပင်၏ ပင်စည်မှ အတက်တစ်တက် ထွက်လာပြီး ဂမုန်းပင်သစ် ဖြစ်လာသည့် တစ်နေ့တွင် အတိုးမရှိဘဲ အရောင်း အဝယ်လုပ်ငန်းလုပ်ရန် ငွေရင်းငွေနှီး ထုတ်ပေး သူနှင့် ထမင်းကျွေးကာ အရောင်းအဝယ် ရတနာ အကဲဖြတ်ပညာ၊ ဗေဒင်လက္ခဏာ သင်ပေးသည့် ဆရာသမားများနှင့် တွေ့ခဲ့ရပါသည်။

စာရေးသူ၏မိတ်ဆွေ စာပေထုတ်ဝေသူ တစ်ဦးကလည်းပြောဖူးပါသည်။ မယ်တော်ကြီး ဂမုန်းပင်မှ အပင်တစ်ပင်ထွက်လာပြီး လုပ်ငန်း အားလုံးအောင်မြင်ကြောင်း၊ ငွေကြေးကိစ္စ ကူညီ မစသူများ တွေ့ခဲ့ကြောင်းနှင့် ဆန္ဒအားလုံး ပြည့် ခဲ့ကြောင်း အားပါးတရ ပြောခဲ့ပါသည်။

မယ်တော်ကြီးဂမုန်းပင်အား လက်ဆေးရေ၊ ငါးညှီရည်ပက်မိပါက ခိုက်ရန်ဒေါသဖြစ်ခြင်း၊ စီးပွားရေး၊ အိမ်ထောင်ရေးပြဿနာ ဖြစ်ခြင်း တို့နှင့် ကြုံတွေ့ရကြောင်း မိတ်ဆွေတစ်ဦးက ၎င်း၏ ကိုယ်တွေ့အား ပြောဖူးပါသည်။

မယ်တော်ကြီးဂမုန်းပွင့်၏ရနံ့မှာ စိမ်းရွှေရွှေ ရနံ့ ရှိပါသည်။ အပွင့်ပွင့်လျှင် စီးပွား လာဘ် လာဘများ အလိုလို ပွင့်လန်းလာတတ်ပါသည်။

ထို့ကြောင့် ဂမုန်းဝါသနာရှင်များအား ပန်ကြား လိုသည်မှာ စာရေးသူနှင့် ဝါသနာ ဆန္ဒ တူလျှင် ဂမုန်းပင်များ စိုက်ကြည့်ပါ။ မယုံကြည် သူ၊ ဝါသနာ မပါသူများ စိုက်ရန်မလိုအပ်ကြောင်း သိစေလိုပါသည်။

စီးပွားလာဘ်ရှင် ဂမုန်းပင်များထဲတွင် မယ်တော်ကြီးဂမုန်းခေါ် သူရဿတီဂမုန်းပင်အား စိုက်ချင်သည့် ဆန္ဒရှိလျှင် စိုက်ကြည့်ပါဟု တိုက်တွန်းလိုက်ရပါတော့သည်။

❖ ❖ ❖

## တပင်ရွှေထီးဂမုန်း(တရုတ်စီးပွားဂမုန်း)

အချို့ဒေသများတွင် တပင်ရွှေထီးဂမုန်းဟု ခေါ်ပြီး အချို့က တရုတ်စီးပွားဂမုန်းဟုခေါ်သည်။ အရွက်မှာ ထီးကဲ့သို့ပြန့်ကားပြီးသုံးစိတ်လေးစိတ် ကွဲနေတတ်သည်။ မြေပြင်တွင် ဥကြီးများ ဥတတ် ပြီး မြေပေါ်ထိ ပေါ်နေတတ်သည်။

မသိသူများက စေတီဂမုန်းနှင့် မှားတတ်သည်။ သို့သော် ကွဲပြားခြားနားပါသည်။ တပင်ရွှေထီးဂမုန်းခေါ် တရုတ်စီးပွားဂမုန်းမှာ အရွက်၏ထိပ်မှ ပွင့်ခိုင်ထွက်လာပြီး အနီရဲရောင် အပွင့်လေးများ ပွင့်ပါသည်။ အပွင့်မှအသီးသီးကာ မျိုးစေ့ ပြန့်ပွားတတ်သည်။



တပင်ရွှေထီးဂမုန်းပင်

ဂမုန်းဝါသနာရှင်လူမျိုးပေါင်းစုံ စိုက်တတ်ကြသည်။ အထူးသဖြင့် တရုတ်လူမျိုးတို့ အစိုက်များ၍ တရုတ်စီးပွားဂမုန်းဟုခေါ်ခြင်း ဖြစ်ဟန်တူပါသည်။

ဂမုန်းဝါသနာရှင်တိုင်းက စီးပွား လာဘ် လာဘ ရှင်လန်းစေကြောင်း ပြောကြပါသည်။

မြန်မာနိုင်ငံတွင်သာမက အိမ်နီးချင်း နိုင်ငံများတွင်လည်း စိုက်ပျိုးထားကြောင်း လေ့လာတွေ့ရှိရပါသည်။

တရုတ်စီးပွားဂမုန်းခေါ် တပင်ရွှေထီးဂမုန်းကို အိမ်နီးချင်းနိုင်ငံအချို့က (**MONEY PLANT**) ဟု ခေါ်ကြသည်။

ဂမုန်းပင်တိုင်းတွင် သိဒ္ဓိစွမ်းအားရှိကြသည်သာ ဖြစ်သည်။ ဂမုန်းဝါသနာရှင်များ တရုတ်စီးပွားဂမုန်းခေါ် တပင်ရွှေထီးဂမုန်းအား သိဒ္ဓိရှိသည်ဟု ယုံကြည်လျှင် စိုက်ပျိုးကြည့်ပါဟု စေတနာထား၍ ရေးသား တင်ပြလိုက်ရပါတော့သည်။

❖ ❖ ❖

## ဓေါင်းဂမုန်း ဖို မ

ဓေါင်းဂမုန်းသည် အလွန်လှပသော ဂမုန်းမျိုးဖြစ်သည်။ အရွက်တွင် အနီကွက်ရှိသော ဂမုန်းအား ဓေါင်းဂမုန်းအဖိုဟု ခေါ်ပြီး အရွက်တွင်

အစင်းရှိသောအပင်ကို ဒေါင်းဂမုန်းအမဟုခေါ်ကြသည်။

ဒေါင်းဂမုန်း၏ ထူးခြားချက်မှာ ညဦးအခါတွင် အရွက်ချင်းကပ်ပြီး အိပ်တတ်၍ နေထွက်သောအခါ အရွက်များကားလျက်နိုးကာ လန်းဆန်းသွားသည်မှာ လှပကျက်သရေ ရှိလှပါသည်။



ဒေါင်းဂမုန်း ဖိုမပင်

မိမိအိမ်၌ ညအခါ ခိုးသူအန္တရာယ်ရှိလျှင် အရွက်များမအိပ်ဘဲရှိတတ်သည်။ အတိတ်နိမိတ် ကြိုသိနိုင်သော ဂမုန်းဖြစ်သည်။

မောရသုတ်ခေါ် ဥဒေါင်းမင်းဂါထာအား ရွတ်ဖတ်ပြီး ဒေါင်းဂမုန်း ဖိုမအား ရေလောင်းပါက အပင်များသန်ပြီး ကျက်သရေရှိသော အပင်များဖြစ်သည်။

ပရိတ်ကြီး ၁၁–သုတ်အနက် မောရသုတ် ပရိတ်တော်သို့မဟုတ် ဥဒေါင်းမင်းဂါထာတော်အား ရွတ်ဖတ်ကြည်ညိုခြင်းဖြင့် ဘေးရန်ကင်းရှင်းပြီး ဒေါင်းဂမုန်းအဖိုအမတွဲစိုက်ကာ လိုရာသိဒ္ဓိ ပြီးမြောက်ကြစေရန် သိဒ္ဓိဝင်ဂမုန်း အဖိုအမအား လေ့လာရေးသားတင်ပြလိုက်ရခြင်းဖြစ်ပါသည်။

❖ ❖ ❖

## ဂမုန်းသံဃာစဉ်

ဂမုန်းသံဃာစဉ်သည်ကား ဆေးတစ်ပင်လုံးနှင့်တူ၏။ တစ်ပင်လုံး အရိုးကို ဆိတ်သည်ရှိသော် နို့ ရည်ကဲ့သို့ အဖြူအနီရှိ၏ဟူ၍ တောင်တွင်းကြီးဆရာတော် ခင်ကြီးဖျော်၏ ကဝေသာရကျမ်းတွင် ရေးသားထားသည်ကို မှတ်သားဖူးပါသည်။



ဂမုန်းသံဃာစဉ်ပင်

ဂမုန်းသံဃာစဉ်သည် အပင်ငယ်မျိုးဖြစ်၏။ အရွက်သည် မြွေးများဖုံးထားသော ပင်စည်မှ

ထွက်၏။ အပွင့်များသည် ပွင့်လာပြီးမှ ထွား ကျိုင်းလာ၏။ အပွင့်သည် အဝါရောင်၊ ခရမ်း ရောင် အမှတ်ကလေးများနှင့်အတူ အဝါရောင် သို့မဟုတ် အစိမ်းရောင်ရှိ၏။ များသောအားဖြင့် ခရမ်းရောင် အပွင့်များကိုသာ အတွေ့များ၏။ ဥများသည် တစ်ဥနှင့် တစ်ဥတန်းစီ၍ ဆက်၍ ဥ၏။ ထို့ကြောင့် သံဃာစဉ်ဟု ခေါ်၏ဟူ၍ အရှင်နာဂသိန် ပုံပြဆေးအဘိဓာန်တွင် ရေးသား ထားသည်ကို လေ့လာတွေ့ရှိရပါသည်။ ဂမုန်း သံဃာစဉ်၏ ဥကိုဆေးဖော်၍ စားသုံးလျှင် အသက်ကို ရှည်စေ၏။ကာမကို အားပေး၏၊ နှလုံးရောဂါ၊ သွက်ချာပါဒ မြစ်ခြောက်နာ၊ ဆီးချို ကျောက်ကပ်ရောဂါတို့ကို အကျိုးပြု၏ဟူ၍ ပုံပြဆေးအဘိဓာန်တွင် ဖော်ပြထားပေသည်။

ကျန်းမာခြင်းသည် လာဘ်တစ်ပါးဆိုသည့် အတိုင်း ဂမုန်းသံဃာစဉ်ကိုစိုက်ပျိုးထားပြီး ဂမုန်း ဥများအား ဆေးဖော်စားသုံးလျှင် အထက်ပါ ရောဂါများပျောက်စေခြင်းကြောင့် စိုက်ပျိုးထား သင့်သည့် ဂမုန်းပင်တစ်ပင် ဖြစ်ပါသည်။

ဂမုန်းစိုက်ပျိုးသည့်မိတ်ဆွေတစ်ဦး ပြောဖူး သည်မှာ ဂမုန်းသံဃာစဉ်၏ဥအား အစိမ်းလိုက်

ကွမ်းသီးခြမ်းခန့်စားလျှင် အမောပြေကြောင်း သိရပါသည်။

ဂမုန်းသံဃာစဉ်အား စီးပွားလာဘ်ရွှင် သိဒ္ဓိဝင် ဂမုန်းပင်များတွင် ထည့်သွင်း ရေးသားရခြင်းမှာ ကာယသိဒ္ဓိစွမ်းအားရှိခြင်းကြောင့် ဖြစ်ပါသည်။ ဂမုန်းစိုက်ပျိုးလျှင် သိဒ္ဓိတစ်မျိုးမျိုး ရှိလျှင် ကျေနပ်ရမည်သာ ဖြစ်သည်။

ထို့ကြောင့် ဂမုန်းဝါသနာရှင်တိုင်း ရှာဖွေစိုက်ပျိုးသင့်ကြောင်း အကြံပေးရေးသားလိုက်ရပါတော့သည်။

❖ ❖ ❖

## ကျီးဖို ကျီးမ ဂမုန်း

ကျီးဖိုဂမုန်း၏ အရွက်အရင်း၌ အနက်စက်များပါရှိပြီး ကျီးမဂမုန်း၏ အရွက်ပေါ်တွင် အဝါအစင်းများပါရှိပါသည်။

ကျီးဖိုဂမုန်းသည် မြေပြင်မှ တစ်ပင်ပေါက်လျှင် တစ်ရွက်သာထွက်ပြီး ကျီးမဂမုန်းမှာ ပင်စည်မှခွဲ၍ အကိုင်းအလက်များထွက်ပါသည်။ ကျီးမဂမုန်းသည် အပွင့်ဖြူကလေးများ ပွင့်တတ်ပါသည်။

ကျီးဖို၊ ကျီးမဂမုန်းပင်များကို ပန်းအိုး တစ်အိုးစီတွင် စိုက်၍ပန်းအိုးချင်းကပ်ထားပါက စိုပြည်ရှင်သန်သည်ကို တွေ့ရပါသည်။ ကျီးမင်းဂမုန်းပွင့်သည့်အခါ ဧည့်သည်များ စည်ကားတတ်သည်။ အိမ်သာယာ၍ ဧည့်သည်လာခြင်းလည်းဖြစ်နိုင်သည်။ စီးပွားရေး လာဘ်လာဘလည်းတိုးတက်စေကြောင်း လေ့လာတွေ့ရှိရပါသည်။



ကျီးဖို ကျီးမ ဂမုန်းပင်

မြန်မာနိုင်ငံသည် ဇမ္ဗူဒီပါ လက်ျာတောင်ကျွန်း နိမိတ်ထွန်းသည့် နိုင်ငံဖြစ်သည့်အလျောက်

ကျီးဖို၊ ကျီးမဂမုန်းအား နိမိတ်ဆောင်၍ စိုက်ကြသည်။ ကျီးဖို၊ ကျီးမဂမုန်း ပွားများလာလေ စီးပွားတိုးတက်လာလေဟု အယူရှိသကဲ့သို့ ယုံကြည်ကြသည်။

ကျီးဖို၊ ကျီးမတွဲ၍စိုက်မှ ပိုမိုလာဘ်လာဘရွှင်လန်းစေကြောင်းလေ့လာတွေ့ရှိရသည်။ ယုံကြည်ခြင်း၊ မျှော်လင့်ခြင်းဟူသည်မှာ လူသားတိုင်း၏ သဘာဝတရားပင် ဖြစ်သည်။ ယုံကြည်ချက်နှင့် အသက်ရှင်ကြသည်။ မျှော်လင့်ချက်နှင့် အသက်ရှင်ကြသည်။

အတိတ်တဘောင် နိမိတ်ဆောင်၍ စိုက်ပျိုးကြသည့် ကျီးဖို၊ ကျီးမဂမုန်းသည် ဂမုန်းဝါသနာရှင်တိုင်းအတွက် နှစ်သက်မြတ်နိုးရာ ဂမုန်းတစ်မျိုးဖြစ်ကြောင်း လေ့လာတင်ပြမိပါတော့သည်။

❖ ❖ ❖

## ရတနာဂမုန်း

စိန်၊ ကျောက်၊ ပတ္တမြားရတနာကို လူတိုင်းမြတ်နိုးစုံမက်ကြမြဲ ဖြစ်သည်။ ရတနာဂမုန်းသည်လည်း ဂမုန်းဝါသနာရှင်များ မြတ်နိုးစေသည့်

ဂမုန်း တစ်မျိုးဖြစ်သည်။ ရတနာဂမုန်းကို လူတိုင်း မသိကြပေ။

ရတနာဂမုန်းသည် ရိုးသစ်များမှ အရွက်များ တစ်ဖက် တစ်ရွက်စီထွက်ကာ ရိုးတံရှည်ပြီး ဇော်စိမ်း ဂမုန်းကဲ့သို့ ထင်ရသော်လည်း အရွက်၏ အရောင်မှာ ဇော်စိမ်းရွက်ကဲ့သို့ အစိမ်းမရင့်ပဲ၊ အစိမ်းနုရောင်ဖြစ်သည်။ ဂမုန်းသုတေသီများသာ ခွဲခြားသိပေသည်။



ရတနာဂမုန်းပင်

ဇော်စိမ်းရွက်သည် ရှည်သော်လည်း ရတနာ ဂမုန်း၏ အရွက်သည် သိပ်မရှည်ပါ။

ရတနာဂမုန်းဆိုသည့်အတိုင်း စီးပွားလာဘ်လာဘ ရတနာအဖြာဖြာ တိုးတက်ရန် ပံ့ပိုးစေသည့် ဂမုန်းဟု ဆိုကြသည်။

ရတနာဂမုန်းသည် ရှားပါးသော ဂမုန်းမဟုတ် စေကာမူ ဂမုန်းဝါသနာရှင်တိုင်း အလွယ်တကူ မသိနိုင်သည့် ဂမုန်းတစ်မျိုး ဖြစ်သည်။

စီးပွားလာဘ်ရှင် သိဒ္ဓိဝင် ဂမုန်းထဲတွင် ပါဝင်သည့် ရတနာဂမုန်းကို ရှာဖွေစိုက်ပျိုးပြီး လေ့လာနိုင်ကြရန် တင်ပြရေးသားလိုက်ရပါတော့သည်။

❖ ❖ ❖

## အိမ်တွင်း မင်္ဂလာဂမုန်း

အိမ်တွင်း မင်္ဂလာဂမုန်းသည် နာမည်နှင့်လိုက်အောင်ပင် ကျက်သရေမင်္ဂလာရှိသော ဂမုန်းဖြစ်သည်။

စီးပွားဂမုန်းနှင့် ဆင်တူသော်လည်း စီးပွားဂမုန်းသည် အဖိုအမမှာ အရွက်ထူပြီး အကြောမာသည်။ အိမ်တွင်းမင်္ဂလာဂမုန်းသည် အရွက်ပါးပြီး အရိုးအကြော မမာပေ။ အစိမ်းရောင်အရွက်ပေါ်တွင်အဖြူပြောက်ကျား ရှိနေသည်။ အပင်မှာတစ်တောင်ခန့်မြင့်ပြီး အပွင့်ဖြူပွင့်သည်။

စီးပွားရေးဂမုန်းပွင့်သည် ရိုးတံအကြောတွင် အဖြူ ဝတ်ဆံရှိသော်လည်း အိမ်တွင်းမင်္ဂလာ ဂမုန်း၏ အပွင့်မှာ စံပယ်ပွင့်အငယ်လောက်သာ ရှိသည်။



အိမ်တွင်း မင်္ဂလာဂမုန်းပင်

အိမ်တွင်းမင်္ဂလာဂမုန်းပွင့်လျှင် စီးပွား လာဘ် လာဘ တိုးတက်စေသည်မှာ ဧကန်မုချဖြစ်သည်။ ဂမုန်းဝါသနာရှင်များက ငွေချေးလျှင် ပေးချင် သော်လည်း ဂမုန်းပင်တောင်းလျှင် မပေးချင် ကြပေ။ အထူးသဖြင့် အိမ်တွင်း မင်္ဂလာဂမုန်း

တောင်း၍သော်လည်းကောင်း၊ ဝယ်၍သော် လည်းကောင်းမပေး၊ မရောင်းတတ်ကြပေ။ အမြတ်တနိုးထား၍ စိုက်ပျိုးကြသည်။

ဂမုန်းပင်တိုင်း စွမ်းရည်သိဒ္ဓိတစ်မျိုးစီ ရှိတတ်ကြသည်ချည်းပင် ဖြစ်သည်။ အချို့ ဂမုန်းပင်က စီးပွားလာဘ်လာဘ တိုးတက်စေပြီး အချို့ ဂမုန်းက ဆေးဖက်ဝင်သည်။ လောကီ အစီအရင် အမျိုးမျိုး လုပ်၍ရသည့် ဂမုန်းများလည်း ရှိကြသည်။

မည်သို့ဆိုစေ မိမိကိုယ်တိုင် ယုံကြည်ချက်နှင့် မဆုတ်မနစ် လုံ့လတည်ပြီး စီးပွားရေး၊ ကြီးပွားရေးလုပ်ကာ မိမိနှစ်သက်ရာ ဂမုန်းပင်ကို စိုက်ပျိုးလျက် ဆောင်ရွက်မည်ဆိုလျှင် အကျိုးပေး၍ အကြောင်းထင်စေမည့်ကိန်းဖြစ်သည်။

ဘာမှမလုပ်ဘဲ ပျင်းရိသူများ၊ လုပ်ငန်းမရှိသူများ၊ ရေသာခိုအချောင်သမားများအတွက် ကိုယ်စောင့်နတ်ကလည်း မ,စခြင်းမပြုနိုင်သကဲ့သို့ သိဒ္ဓိဝင်ဂမုန်းကလည်း တိုးတက်ကြီးပွားအောင် မလုပ်နိုင်ပါ။

တောတောင်စောင့်နတ်၊ ရက္ခစိုးနတ်၊ ဂမုန်းပေါင်းတစ်ထောင်စောင့်သည့် နတ်များကလည်း လုံ့လဝီရိယရှိသူများကိုသာ ကူညီစောင့်ရှောက်တတ်ပါသည်။

ကြိုးစားနည်းယူ လုံ့လကူပြီး၊ သိဒ္ဓိဝင်ဂမုန်းများ စိုက်ကြည့်ပါ။ အကယ်၍ တင်ပြသည့်အိမ်တွင်း မင်္ဂလာဂမုန်းမှာ ရှားပါးလှသည့် ဂမုန်းတစ်မျိုးဖြစ်ပြီး စီးပွားလာဘ်ရွှင် သိဒ္ဓိဝင်သည့်ဂမုန်းဖြစ်၍ ဂမုန်း ဝါသနာရှင်တိုင်းလေ့လာစိုက်ပျိုးနိုင်စေကြောင်း မေတ္တာပေါင်း၍ ရေးသားတင်ပြလိုက်ရပါတော့သည်။

❖ ❖ ❖

## ချမ်းသာကြီးဂမုန်း

ဂမုန်းသုတေသီများ၊ ဂမုန်းဝါသနာရှင်များအတွက်လေးစားအရေးထားရသည့် ဂမုန်းမှာ ချမ်းသာကြီးဂမုန်း ဖြစ်ပါသည်။ ပညတ်သွားရာ ဓာတ်သက်ပါဆိုသည့်စကားအတိုင်း ကိုယ်၊ စိတ်နှစ်ပါးချမ်းသာခြင်း၊ ဥစ္စာစီးပွား ချမ်းသာခြင်း သုခကိုပေးစွမ်းနိုင်သော ဂမုန်းဖြစ်သည်။

ချမ်းသာကြီးဂမုန်း ရှင်သန်လာသည်နှင့်အမျှ စီးပွားဥစ္စာ တိုးတက်ခြင်း၊ မိတ်ဆွေသင်္ဂဟ ပွားများခြင်း အကျိုးကို သက်ရောက်စေပါသည်။

ချမ်းသာကြီးဂမုန်းကို စိုက်ပျိုးသူ မိတ်ဆွေ တစ်ဦးနှင့်တွေ့သောအခါ ...



ချမ်းသာကြီးဂမုန်းပင်

"ချမ်းသာကြီးဂမုန်းရဲ့ အမည်ကိုကြိုက်တာနဲ့ ပန်းအလှအရောင်းဆိုင်က ငွေ ၅၀၀ ပေးပြီး ဝယ်ခဲ့တာ ကျွန်တော့်အိမ်ကိုရောက်ပြီး မကြာဘူး

ထိလည်းပေါက်တယ်။ အရောင်းအဝယ် လုပ်ငန်းတွေလည်း အောင်မြင်ခဲ့တယ် ဆရာ"

"တခြား ဘာဂမုန်းတွေ စိုက်ထားသေးလဲ"

"ကျွန်တော့်အိမ်မှာ နှင်းဆီ၊ စံပယ်၊ ရွက်လှတွေ စိုက်တယ်။ ဂမုန်းအနေနဲ့ ဒီချမ်းသာကြီးဂမုန်း တစ်ပင်ပဲ ပထမဆုံး စိုက်ကြည့်တာ။ နောက်တော့ ဂမုန်းဆန်းတာတွေတွေ့ရင် ပြောပါ။ ကျွန်တော် ထပ်ဝယ်ပြီး စိုက်ချင်ပါတယ်"

"ရှိတာပေါ့-ဗျာ၊ တိုးလာကြီးဂမုန်းတို့၊ ဘောဂကြီးဂမုန်း၊ ဘောဂလေးဂမုန်း၊ ဇော်ဂျီမှတ်ဆိတ် ဂမုန်းခေါ်တဲ့ လိပ်ပြာဂမုန်း၊ သူကြွယ်ဂမုန်းတွေပေါ့၊ စီးပွားလာဘ်ရွှင် သိဒ္ဓိဝင်ဂမုန်းတွေပေါ့၊ နာမည်မှတ်ထားပြီး ရှာစိုက်ပေါ့ဗျာ"

"ဆရာပြောတဲ့ နာမည်တွေ ကြားတာနဲ့ စိုက်ချင်စိတ်ပေါ်လာပြီဆရာ။ ကျွန်တော် မှတ်ထားပြီး ရှာစိုက်ရဦးမယ်။ ဒါနဲ့ ဆရာက ဂမုန်းသုတေသီတစ်ယောက်ဆိုတော့ ချမ်းသာကြီးဂမုန်းအကြောင်း သိသလောက်ပြောပြစမ်းပါ ကျွန်တော့်အတွက်တော့ လာဘ်လာဘ ရွှင်လန်းတာ ကိုယ်တွေ့ပဲ"

"ချမ်းသာကြီးဂမုန်းကို အချို့ဒေသတွေက ရန်အောင်ဂမုန်းလို့လဲ ခေါ်ကြတယ်၊ အပြိုင် အဆိုင် ရှိရင်လဲ နိုင်တဲ့သတ္တိရှိတယ်လို့ ဂမုန်း ကျမ်းဟောင်းတွေမှာ မှတ်သားဖူးတယ်"

"ခုလိုသိရတော့ ကျွန်တော့်အတွက် စိုက် ရတာ စိုက်ရကျိုးနပ်တာပေါ့ဆရာ၊ ကျွန်တော့် အတွက်တော့ ချမ်းသာကြီးဂမုန်းတစ်မျိုးတည်းနဲ့ ကျေနပ် နေတာပါ"

ကျွန်တော်လည်း ချမ်းသာကြီးဂမုန်း တစ်မျိုး တည်းစိုက်ပြီး ပီတိဖြစ်နေသူတစ်ဦးနှင့် ဂမုန်း အကြောင်း လေ့လာဆွေးနွေးဖူးပါသည်။

ချမ်းသာကြီးဂမုန်းမှာ ပုံတွင်မြင်ရသည့် အတိုင်း ကွမ်းရွက်သဏ္ဍာန် အရွက်ဝိုင်းကြီးကြီး တွင် အဖြူစင်းများပါရှိပြီး ကတ္တီပါအစိမ်းရင့် ပေါ်တွင် အဖြူလိုင်း ခြယ်သထားသကဲ့သို့ လှပ ကျက်သရေရှိပါသည်။ နေရိပ်ကြိုက်ပြီး မြေဆွေး နှင့် ရေအမြဲစိုစွတ်နေလျှင် စိမ်းလန်းစိုပြည် နေသည်ကို တွေ့ရသည်။

သိဒ္ဓိဆယ်ပါးတွင် ဓနသိဒ္ဓိ၊ လာဘသိဒ္ဓိ၊ ပိယ သိဒ္ဓိ စသဖြင့် သိဒ္ဓိသုံးပါးပြီးကြောင်း လေ့လာ မှတ်သားဖူးပါသည်။

စီးပွားလာဘ်ရှင် သိဒ္ဓိဝင် ဂမုန်းများတွင် ချမ်းသာကြီးဂမုန်းသည် တစ်မျိုးအပါအဝင်ဖြစ်၍ ရေးသား တင်ပြလိုက်ရခြင်း ဖြစ်ပါတော့သည်။

✣ ✣ ✣

## ရာဇာကြီးဂမုန်း

စီးပွားလာဘ်ရှင် သိဒ္ဓိဝင် ဂမုန်းများထဲတွင် ရှားပါးပြီး လှပကျက်သရေရှိသည့် ဂမုန်းမှာ ရာဇာကြီးဂမုန်းပင်ဖြစ်ပါသည်။ အချို့ဒေသများတွင်ပါတိတ်ဂမုန်းဟု ခေါ်ကြသည်။မော်လမြိုင်၊ ထားဝယ်မြို့များတွင် လုံချည် ပါတိတ်အဆင်နှင့်တူ၍ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း ဆိုသကဲ့သို့ ပါတိတ်ဂမုန်းဟု ခေါ်ခြင်းဖြစ်သည်။

ဂမုန်းသုတေသီများက ရာဇာကြီးဂမုန်း ဟု ခေါ်ကြသည်။ ရာဇာကြီးဂမုန်းမှာ ပင်ကိုကပင် ဆန်းကြယ်သည်။ အရွက်နုစတွင် ပန်းရောင်ဖြစ်ကာ တဖြည်းဖြည်း အနီရင့်ရောင်ဖြစ်လာပြီး အရွက်ကြီးလျက် ရင့်လာသောအခါ အစိမ်းနုရောင်သို့ ပြောင်းလဲသွားပါသည်။

ပုံတွင်မြင်ရသည့်အတိုင်း အရွက်များ လှပ လျက် ကျက်သရေရှိလှသည်။ မင်းစိုးရာဇာ အိမ် များတွင်တွေ့ရပြီး ရှားပါးသည့် ဂမုန်းတစ်မျိုး ဖြစ်သည်။



ရာဇာကြီးဂမုန်းပင်

ကာယသိဒ္ဓိ ပြီးမြောက်လျက် လာဘ် လာဘ ရှင်စေသောဂမုန်းဖြစ်ကြောင်း ဂမုန်းစိုက်ပျိုးသူ များက တစ်ဆင့် ကြားသိခဲ့ရပါသည်။ မသိ နားမလည်သူများ၊ တန်ဖိုးမထားသူများအိမ်၌ တန်ဖိုးနည်းသော်လည်း ဂမုန်းပင်များအကြောင်း

နေသလည်သူများအတွက် ကျပ် ၅၀၀ ကျပ်မှ ကျပ် ၁၀၀၀ အတွင်း ဈေးပေးဝယ်ရကြောင်း သိရပါသည်။

အလှအပ ကျက်သရေတစ်မျိုးနှင့် တန်ဖိုးရှိသော ရာဇာကြီးဂမုန်းအား စီးပွားလာဘ်ရွှင် သိန္ဓိဝင်ဂမုန်းများတွင် ထည့်သွင်းရေးသား တင်ပြလိုက်ရပါသည်။

❖ ❖ ❖

## မြဘယက်ဂမုန်း

မြဘယက်ဂမုန်းမှာ တိုးလာကြီးဂမုန်းနှင့် မှားဟတ်သည်။ အရွက်အရွယ်အစား တူသော်လည်း တိုးလာကြီးဂမုန်းမှာ အရွက်ရှည်များ ထိပ်ဖျားထိ အဖြူစင်းများရှိပါသည်။ မြဘယက်ဂမုန်းမှာ အရွက်ပြန့်ကြီးများ ပတ်လည်တွင် အဖြူရောင်များ ကျယ်ပြန့်စွာ တည်ရှိနေပါသည်။

လှပကျက်သရေရှိပြီး တန်ဖိုးလည်း ကြီးပါသည်။ အနည်းဆုံး ကျပ် ၈၀၀ မှ ကျပ် ၁၀၀၀ အထိ ဈေးပေးဝယ်ရပါသည်။

ဂမုန်းစိုက်ပျိုး၍ ရောင်းချသူများထံမှ ခေါ်သည့် ဈေးပေး၍ ဝယ်သွားကြကြောင်း သိရှိရပါသည်။

ဂမုန်းစိုက်ပျိုးသူ မိတ်ဆွေတစ်ဦးအား ချဉ်းကပ်၍ မေးကြည့်ရာ –



မြဘယက်ဂမုန်းပင်

"ဒီ မြဘယက်ဂမုန်းကို လူတိုင်းမသိကြဘူး ဆရာ အိမ်နီးချင်း နိုင်ငံတွေရဲ့ ရုပ်ရှင်ကားတွေထဲမှာ တစ်ခါတစ်ရံ ဧည့်ခန်းမှာ တွေ့လိုက်ရတယ်၊ သူတို့နိုင်ငံတွေမှာ ဧည့်ခန်းမှာ တယုတယ စိုက်ထားပုံရတယ်။ ကျွန်တော်လဲ ဂမုန်းခြံတစ်ခြံမှာ

တွေ့လို့ ကျပ် ၈၀၀ ပေးပြီး ဝယ်လာတာ၊ ကျွန်တော့်ဆီမှာလဲ ဂမုန်းပင်ဆန်းတွေ စိုက်ထား ပေမယ့် မြဘယက်ဂမုန်း မရှိသေးဘူး။ အမြဲ စိမ်းလန်းစိုပြည်ပြီး ကျက်သရေရှိနေတဲ့အပင်ပဲ ဆရာ"

" မြဘယက်ဂမုန်းရဲ့ အကျိုးသက်ရောက်မှု ဘယ်လိုရှိတယ်ဆိုတာ ပြောမပြနိုင်ဘူးလား"

" ကျွန်တော့်မှာ သိဒ္ဓိဝင်ဂမုန်းတွေ ရှိနေတော့ မြဘယက် ဂမုန်းပင်ကပဲ အကျိုးပေးသလား၊ အခြား ဂမုန်းတွေကပဲ အကျိုးပေးသလား ခွဲခြား မသိနိုင်သေးပါဘူး။ ဒါပေမယ့် ကျွန်တော့်ဇနီးက မြဘယက်ဂမုန်းကို အတော်တန်ဖိုးထားပြီး ဂရု တစိုက်ရှိနေတယ်။ သူလဲ သုတေသန ပြုနေသူ တစ်ယောက်ဆိုတော့ အကြောသိ ဆရာ့ကို မြဘယက်ဂမုန်းရဲ့ စွမ်းအားသိဒ္ဓိကို ပြောပြနိုင်ပါ လိမ့်မယ်"

"မြဘယက်ဂမုန်းရဲ့ သိဒ္ဓိထူးကို သိရတဲ့နေ့ကို ကျွန်တော့်အကြောင်းကြားလိုက်ပါ။ ကျွန်တော် လာခဲ့ပါ့မယ်"

"စိတ်ချပါ ဆရာ"

ကျွန်တော်နှင့် ဂမုန်းဝါသနာကြီးသူ မိတ်ဆွေ လင်မယားနှင့် တွေ့လာသောအခါ မြဘယက် ဂမုန်း၏ လမ်းစကို တွေ့ရပါတယ်။

မည်သို့ဆိုစေ ဂမုန်းပင်တစ်ပင်မှာ သိဒ္ဓိ တစ်ပါးမှ သိဒ္ဓိသုံးပါးထိပြီးကြောင်း ဂမုန်းကျမ်း ပေါင်းမှာ လေ့လာမှတ်သားဖူး၍ အပင်ဆန်း၊ အမည်ဆန်းနှင့် လန်းဆန်းကျက်သရေ ရှိလှသည့် မြယဘက်ဂမုန်းအား စီးပွားလာဘ်ရှင် သိဒ္ဓိဝင် ဂမုန်းများ ကဏ္ဍတွင် ဖြည့်စွက်တင်ပြလိုက်ရပါ တော့သည်။

❖ ❖ ❖

## သိဒ္ဓိရှင်ဂမုန်း

သိဒ္ဓိရှင်ဂမုန်းသည် အင်းဂမုန်းနှင့် ပုံသဏ္ဌာန် တူသော်လည်း အသေအချာကြည့်လျှင် ကွဲပြား ခြားနားပါသည်။ အင်းဂမုန်းအဖိုအမ ရှိသည်။ သိဒ္ဓိရှင်ဂမုန်းမှာ အင်းဂမုန်းအဖိုနှင့်ဆင်တူယိုးမှား ရှိသော်လည်း အင်းဂမုန်းအဖိုမှာ အလယ်အခင်း ပြားသည်။ အင်းကွက်နှင့်တူပြီး ရိုးတံသင့်ရုံ ရှည်ပါသည်။

သိဒ္ဓိရှင်ဂမုန်းမှာ ရိုးတံရှည်ရှုံမက အလယ်ခင်းမှာ ထင်ရှားပီပြင်စွာ ပေါ်နေပြီး ဘေးခင်းများမှာ ခပ်ရေးရေး ရှိပါသည်။

သိဒ္ဓိရှင်ဆိုသည့် ပညတ်နှင့်အညီ သိဒ္ဓိ ဆယ်ပါးတွင် တစ်ပါးအပါအဝင် ဖြစ်သည်ကို မည်သူမှ ငြင်း၍ မရနိုင်ချေ။



သိဒ္ဓိရှင်ဂမုန်းပင်

သိဒ္ဓိရှင်ဂမုန်း၏အသုံးကို ဂမုန်းသုတေသီများ လေ့လာသုတေသနပြုဆဲ ဖြစ်ပါသည်။ ဂမုန်းကျမ်း ဟောင်းများသည် အမည်နှင့်

ပုံသဏ္ဍာန်ကို ဖော်ပြပြီး ကာယသိဒ္ဓိ၊ ပီယသိဒ္ဓိ၊ လာဘသိဒ္ဓိ စသော သိဒ္ဓိသုံးပါးပြီးကြောင်း ဖွင့်ဆိုထားသည်ကို မှတ်သားဖူးပါသည်။

ကျွန်တော်နှင့်အတူ ဂမုန်းသုတေသီတို့ ပူးတွဲလေ့လာခဲ့၍ ပီယသိဒ္ဓိစီရင်ရာတွင် အသုံးပြုကြောင်း တွေ့ရှိရပါသည်။ မိတ်ဆွေသင်္ဂဟပေါများပြီး လူချစ်လူခင်များကာ လာဘ်လာဘပေါများစေကြောင်း လေ့လာတွေ့ရှိရပါသည်။ အပင်မှာ မြေမှ တစ်ပင်ချင်း ထွက်ကာ အပင်များလာသည်နှင့် လုပစိုပြေ (ပြည်) သော အပင်မျိုးဖြစ်သည်။


အပင်ကျသွားသောအခါ ဥ–အဖြစ်တည်ရှိပြီး မိုးဦးကျရာသီတွင် အပင်သစ်များ ပေါက်လေ့ရှိသည်။ ရေ–မြေကောင်းသည်နှင့်အမျှ ဥတုသုံးပါးခံနိုင်စွမ်း ရှိသည်ကို တွေ့ရသည်။

❖ ❖ ❖

## သန်လျက်ဂမုန်း

သန်လျက်ဂမုန်းပင်အား အမှတ်တမဲ့ကြည့်လျှင် ဓော်စိမ်းနှင့် တူသယောင်ရှိပါသည်။ သေသေချာချာ ကြည့်လျှင် ကွဲပြားပါသည်။

သန့်လျက် ဂမုန်း၏အရွက်မှာ ဘုရင်ကိုင်သော သန်လျက် အသွားနှင့် တူပါသည်။ ပင်စည်ရှိ၍ ပင်စည်ပတ်လည်တွင် အရွက်များဖြာထွက်လျက် ရှိသည်။ အေးမြစိုစွတ်သောနေရာတွင် ထားပါက ဥတုသုံးပါးခံနိုင်သော အပင်မျိုးဖြစ်ပါသည်။



သန်လျက်ဂမုန်းပင်

အပြိုင်အဆိုင် အနိုင်အထက် ပြုရာတွင် အောင်မြင်စေသော သတ္တိရှိပါသည်။ သန်လျက် ဂမုန်းပင်မှ အဖြူပွင့်လေးများ ပွင့်တတ်သည်။

မာရံအာဋ္ဌာဝကံဟတ္ထံ
အင်္ဂုလိမာလ စိဉ္စမာနဝိကာ၊
နန္ဒောပနန္ဒ သစ္စကံ၊
ဗကံ အဇ္ဈိနိတေဇသာ
တေနသစ္စဝဇ္ဇေန ဟောတုမေဇယမင်္ဂလံ။

အထက်ပါ အောင်တော်မူဂါထာအား ၉ ကြိမ် ရွတ်ဆို၍ မန်းသောရေဖြင့် သန်လျက်ဂမုန်းအား လောင်းပေးပါက အပြိုင်အဆိုင်ရန်ဘက်များရန်မှ ကင်းဝေးပြီး ဘေးအန္တရာယ် အသွယ်သွယ်နှင့် အမှုကိစ္စမှန်သမျှ ပပျောက်စေကြောင်း ဂမုန်း သုတေသီများ ရေးသားထားသည်ကို မှတ်သား ဖူးပါသည်။

သန်လျက်ဂမုန်းမှ အပွင့်များပွင့်လျှင် ဘေး ကင်းရန်ကွာ ဉစ္စာစီးပွားတိုးတက်စေကြောင်း လေ့လာတွေ့ရှိရပါသည်။

အတိတ်တဘောင် နိမိတ်ဆောင်သည့် သန်လျက်ဂမုန်းပင်အား စိုက်ပျိုးထားခြင်းဖြင့် ဘုန်းကံကြီးမားအကျိုးများစေခြင်းကြောင့် သိဒ္ဓိ ဝင် ဂမုန်းပင်အဖြစ် ရေးသားတင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

❖ ❖ ❖

## ဇော့တိကာဂမုန်း

ဇော့တိကာဂမုန်းသည် ဥစ္စာထိန်းဂမုန်းခေါ် ကျောက်စိမ်းဂမုန်းနှင့် အရွက်သဏ္ဍာန်တူသော် လည်း အဖြူပြောက်အစက်များ မရှိဘဲ အစိမ်းရောင်အရွက်ပေါ်တွင် အလယ်အဖြူစင်း တစ်စင်းသာ ပါရှိသည်။



ဇော့တိကာဂမုန်းပင်

ဥစ္စာစနပေါပြည့်ဝစေသော သိဒ္ဓိထူးရှိ၍ ဇော့တိကာဂမုန်းကို ခေါ်ကြသည်ဟု ထင်ရသည်။

လုပ်ဖော်ကိုင်ဖက် မိတ်ဆွေတစ်ဦး၏ ကုမ္ပဏီ ဧည့်ခန်းတွင် ပန်းအိုးနှင့် စနစ်တကျ စိုက်ထား

သည်ကိုတွေ့ရသည်။ မြေဆွေးနှင့် သဲမြေ ရော သောမြေကို ကြိုက်ပြီး အရိပ်နှင့်အအေးဓာတ်ကို ကြိုက်သည်ကိုတွေ့ရသည်။ အပင်ရင်း၌ကျောက် စရစ်ခဲအဖြူများထည့်ပြီး ရေလောင်းပေးခြင်းဖြင့် အမြဲအေးမြပြီး စိမ်းလန်းစိုပြည် (ပြည်) နေသည် ကို တွေ့မြင်ရသည်။

တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ် ဆန်း ဆိုသကဲ့သို့ အခြားအမည်ရှိသည် မရှိသည် ကို မသိရဘဲ ဂမုန်းဝါသနာရှင်များက ဓောတိက ဂမုန်း ဟူ၍ ခေါ်ကြသည်။


ဂမုန်းမိတ်ဆွေတစ်ဦး၏ ပြောပြချက်အရ မန သိဒ္ဓိနှင့် အာယုသိဒ္ဓိပြီးကြောင်း၊ အပင်ကို မြင်ရ သည်နှင့် စိတ်ချမ်းမြေ့စေပြီး စီးပွားဥစ္စာ ရှာဖွေ ရာတွင် ကြံတိုင်းအောင် ဆောင်တိုင်းမြောက်စေ သည်ဟု ဆိုပါသည်။

မည်သို့ဆိုစေ အမည်ပညတ်နှင့်လိုက်၍ ဓောတိကဂမုန်းဟူသော အမည်ကြောင့်ပင် စိုက် ပျိုးသူတို့၏ စိတ်မနောတွင် ရှင်ကြည်စေသော ကြောင့် စီးပွားလာဘ်ရှင် သိဒ္ဓိဝင် ဂမုန်းပင် ဖြစ်ကြောင်း ရေးသားတင်ပြရပါသည်။

❖ ❖ ❖

# ရှင်သီဝလီဂမုန်း

ဂမုန်းသည် ဆေးဖက်ဝင်ကာ ထွက်ရပ်လမ်းသို့လည်း ပို့ဆောင်နိုင်၏။ ဥစ္စာစည်းစိမ်ချမ်းသာနှင့်လည်း ပြည့်စုံစေနိုင်သည့်အပြင် ရန်သူဘေးများကိုလည်း ကာကွယ်ပေးတတ်သည်။



ရှင်သီဝလီဂမုန်းပင်

လောကီပညာ၏ ဆန်းကြယ်မှုကို ဖန်တီးပေးရာတွင်လည်း ဂမုန်းအပါအဝင် ဖြစ်သည်ဟု နက္ခတ္တဗေဒပညာရှိကြီး ပျဉ်းမနားဆရာ ဦးသန်းမောင်၏ ၇-၁၀-၆၂ ရက်နေ့စွဲဖြင့် ရေးသား

ထုတ်ဝေသည့် မြန်မာ့အလင်း သတင်းစာမှ ဟောစာတမ်းကောက်နုတ်ချက်ကို မှတ်သားဖူးပါသည်။

တစ်နေ့တွင် ပါရမီရိပ်သာရှိ စာရေးသူ၏ မိတ်ဆွေ ဆန်ကုန်သည် ဒေါ်သိမ့်သိမ့်နွေးအိမ်သို့ ရောက်ရှိသွားပါသည်။ ညှိုခန်းတွင် ထိုင်မိသည်နှင့် စီးပွားရေး၊ ကျန်းမာရေးအကြောင်း ပြောဆိုကြ၏။ ဒေါ်သိမ့်သိမ့်နွေးက–

“ဆရာ ရောက်လာတာ အတော်ပဲ။ ဆရာ့ကို သတင်းကောင်း ပြောစရာတစ်ခုရှိတယ်။ အစွမ်းထက်တဲ့ ဂမုန်းပင်တွေအကြောင်း ဆောင်းပါးတွေ ဆရာရေးနေတော့ ကျွန်မတို့ ခြံခေါင်းရင်းမှာ စိုက်ထားတဲ့ ရှင်သီဝလိဂမုန်းအကြောင်း ပြောချင်လို့ပါ”

“ဒေါ်သိမ့်သိမ့်နွေးမှာ ရှင်သီဝလိဂမုန်းနဲ့ ပတ်သက်ပြီး ထူးခြားတဲ့အကြောင်း ထင်တယ်”

“ဟုတ်ပါတယ်ဆရာ၊ တစ်နေ့ ကျွန်မ ရန်ကင်းက မိတ်ဆွေအိမ်တစ်အိမ် သွားလည်တော့ စီးပွားလာဘ်လာဘ တိုးတက်စေတဲ့ ရှင်သီဝလိဂမုန်း” ဆိုပြီး ပေးလိုက်လို့ အိမ်ယူလာခဲ့တယ်။

"တိုက် တိုက် ဆိုင် ဆိုင် ပဲ ကျွန် မ သား မောင်သိန်းထိုက်ကလဲ သူ့သူငယ်ချင်းအိမ်က ရှင်သီဝလိ ဂမုန်းပင်တစ်ပင်ယူလာတယ်။

"ဒါပေမယ့် အရွက်ချင်းမတူဘူး။ တစ်ပင်က အရွက်စိမ်းပြီး အပွင့်ဖြူတယ်၊ တစ်ပင်က အရွက်လှပြီး အပွင့်မပွင့်ဘူး"

"ဟုတ်တယ် ဒေါ်သိမ့်သိမ့်မွေး၊ တစ်နယ်နဲ့ တစ်နယ် အခေါ်အပြော မတူကြဘူး။ အရွက်စိမ်း ပြီး အဖြူပွင့် ပွင့်ပြီး သင်းသင်းလေး မွှေးတာကို ရှင်သီဝလိဂမုန်းလို့ခေါ်ကြပြီး အရွက်စိမ်းပေါ်မှာ အဝါစင်းရှိပြီး ကတ္တီပါရောင်လိုလှတယ်။ အရွက် ကျောဘက်မှာ နီညိုရောင်ရှိတဲ့ ဂမုန်းကိုလဲ ရှင်သီဝလိဂမုန်းလို့ ခေါ်ကြတယ်"

"ဟုတ်ပါ့ဆရာရယ်၊ ဆရာပြောတဲ့အတိုင်း ထပ်တူထပ်မျှပဲ၊ ကျွန်မလဲ နာမည်တူဂမုန်းနှစ်ပင် သေသေချာချာ စိုက်ထားတာ၊ အပင်တွေပွားပြီး တစ်ပင်က အပွင့်ပွင့်တယ်။ တစ်ပင်က အပွင့်မပွင့် ဘူး။ တစ်ခုတော့ ပြောချင်တယ်ဆရာ၊ ကျွန်မကို ရှင်သီဝလိဂမုန်း ပေး လိုက် တဲ့ မိတ် ဆွေ က ရှင်သီဝလိဂါထာကိုလဲ ပေးလိုက်တယ်။

အဲဒီဂါထာက–

**လာဘီန မုတ္တမောထေရော၊**

**သီဝလိဣတိ ဝိဿုတော၊**

**သောရဟော ပစ္စယာဒီနံ၊**

**သဒါ သောတ္ထိ ကရောတုမေ။**

ပါဆရာ၊ မိုးသောက်လင်းတာနဲ့ ဘုရားမှာ ငါးပါးသီလခံယူပြီး ရှင်သီဝလိဂါထာကို ၃၇ အုပ် ရွတ်ပါလို့ မှာလိုက်တယ်။ အခြား ဂုဏ်တော် တွေလဲ ရွတ်တာပေါ့ဆရာရယ်။ တစ်နေ့ထက် တစ်နေ့ စီးပွားလာဘ်လာဘ တိုးတက်ပြီး မိတ် သစ်ဆွေသစ်တွေလဲ ပေါလာတယ်ဆရာ"

"ကျွန်တော် လေ့လာမှတ်သားဖူးတာက မုံရွေး ဇေတဝန် ဆရာတော်ဘုရားကြီးက ရှင်သီဝလိ ဂါထာကို ရွတ်ဆိုပွားများရင် မုချလာဘ်လာဘ ပေါများမည်ဖြစ်ကြောင်း မိန့်ကြားခဲ့တာမှတ်သား ဖူးပါတယ်"

"ဆရာပြောသလို ရှင်သီဝလိ ဂမုန်းပင်စိုက်ပြီး ရှင်သီဝလိဂါထာရွတ်ပွားလို့ ထင်တယ်။ လာဘ် လာဘနဲ့ မိတ်ဆွေသင်္ဂဟ ပေါများခဲ့တာ ကျွန်မ ကိုယ်တွေ့ပဲ"

"ဒေါ်သိမ့်သိမ့်နွေးအနေနဲ့ ရှင်သီဝလိဂမုန်း စိုက်ပြီး ရှင်သီဝလိဂါထာ ရွတ်ပွားနေမှတော့ မုချ လာဘ်လာဘ ပေါများတယ်ဆိုတာ ကျွန်တော် ယုံကြည်ပါတယ်"

"ဆရာမပြန်ခင် ကျွန်မစိုက်ထားတဲ့ ဂမုန်းပင် နှစ်ပင် ကြည့်သွားပါလား၊ ဆရာ့အတွက် ဂမုန်း အကြောင်း ဆောင်းပါးရေးရင်လဲ ဓာတ်ပုံဆရာ ခေါ်ရိုက်ခိုင်းပြီး ဆရာ့အိမ်ကို ဓာတ်ပုံ ပို့ခိုင်း လိုက်ပါမယ့်"

"ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော့်အတွက် လဲ ထူးခြားပြီး လာဘ်လာဘ ပေါများတဲ့ ဂမုန်း ပင်အကြောင်း နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှာရေးဖို့ ဆောင်းပါးတစ်ပုဒ် ရတာပေါ့"

မကြာမီရက်အတွင်း ဒေါ်သိမ့်သိမ့်နွေး၏သား မောင်သိမ်းထိုက် ရှင်သီဝလိဂမုန်းပင်နှစ်ပင်တွဲ ဓာတ်ပုံလာပို့ပါသည်။

အနယ်နယ်အရပ်ရပ်မှ ဂမုန်း ဝါသနာရှင် များနှင့်အတူ ပြည်သူများ မျှဝေခံစားစေလိုသည့် ဆန္ဒနှင့်အိမ်၏ ကျက်သရေဆောင်ကာ စီးပွား လာဘ်လာဘ တိုးပွားစေသည့် ရှင်သီဝလိဂမုန်း အကြောင်း ရေးသားတင်ပြလိုက်ရပါတော့သည်။

❖ ❖ ❖

## သောကဝေးအောင်
## ဘောဂလေးဂမုန်းပင် စိုက်ကြည့်ပါ

မြန်မာပြည်သည် ဇမ္ဗူဒီပါလက်ျာ တောင်ကျွန်း နိမိတ်ထွန်းသည့် တိုင်းပြည်ဖြစ်ပါသည်။ လူတိုင်းအိမ်၏ ကျက်သရေဆောင်စေရန် ဂမုန်းပင်၊ ပန်းပင်များ အလှစိုက်ပျိုးကြသည်။



ဘောဂလေးဂမုန်းပင်

ဇမ္ဗူတိပ် နိမိတ်ဆိုသည့်အတိုင်း ဂမုန်းပင်စိုက်ပျိုးကြသူများမှာ အတိတ်နိမိတ်ကိုဆောင်၍ စီးပွားဂမုန်း၊ ချမ်းသာကြီးဂမုန်း၊ ရွှေလာ ငွေလာ

ဂမုန်း စသည့် လာဘ်လာဘ ပေးစွမ်းနိုင်သော ဂမုန်းပင်များ စိုက်ပျိုးကြပါသည်။

ဂမုန်းပင်မျိုးပေါင်း များစွာရှိသည့်အနက် စာရေးသူနှင့်အတူ စိတ်ထားထပ်တူထပ်မျှ နှစ်သက်စေမည့် ဘောဂလေးဂမုန်းပင်အကြောင်း တင်ပြလိုပါသည်။

ဘောဂလေးဂမုန်းဆိုသည့်အတိုင်း ဘောဂ ဓန ပေါကြွယ်ဝပြီး စီးပွားတိုးတက်စေသည်မှာ စာရေးသူ၏ ကိုယ်တွေ့ ဖြစ်ပါသည်။

ဦးစွာတင်ပြလိုသည်မှာ ဘောဂလေးဂမုန်းပင် သည် စီးပွားဂမုန်းပင်နှင့် ဆင်တူသော်လည်း အရွက်တွင်ပါရှိသည့် အကွက်များ ကွဲပြား ပါသည်။

စီးပွားဂမုန်း၏ အရွက်စိမ်းပေါ်တွင် အဖြူ ကွက်အနည်းငယ်သာပါရှိသော်လည်း ဘောဂလေး ဂမုန်းရွက်ပေါ်တွင် အဖြူကွက်များပြီး အစိမ်းခံ အရောင် အနည်းငယ်သာပါရှိပါသည်။ သိသိ သာသာ ကွဲပြားပါသည်။

အချို့ဂမုန်းပင်များတွင် အဖိုအမရှိသကဲ့သို့ ဘောဂလေးဂမုန်းရှိသလို ဘောဂကြီးဂမုန်းလည်း ရှိပါသည်။

သို့သော် စာရေးသူ၏ ကိုယ်တွေ့အကျိုးပေးသည့် ဘောဂလေးဂမုန်းပင်အကြောင်း တင်ပြပါမည်။

စာရေးသူမှာ ဝန်ထမ်းဘဝမှ အငြိမ်းစားယူခဲ့ပြီး ကိုယ်ပိုင်အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်ခဲ့ပါသည်။ ၁၉၉၄-ခုနှစ်တွင် အရောင်းအဝယ်လုပ်ငန်းမှာ ထင်သလောက် အကျိုးမဖြစ်ဘဲရှိပါသည်။

တစ်နေ့တွင် စာရေးသူနှင့် ဝါသနာတူ စီးပွားရေး လုပ်ဖော်ကိုင်ဖက် မိတ်ဆွေတစ်ဦးနှင့် စကားစပ်မိ၍ ပြောရာတွင် အကျိုးပေးအစွမ်းထက်သည့် ဂမုန်းပင်များအကြောင်း ပြောကြပါသည်။

စာရေးသူကိုယ်တိုင် ဂမုန်းဝါသနာရှင်တစ်ဦးဖြစ်ပြီး ဂမုန်းပင်များအကြောင်း လေ့လာနေသူဖြစ်၍ ဂမုန်းပင်အကြောင်း လေ့လာမေးမြန်းခဲ့ပါသည်။ စာရေးသူ၏ မိတ်ဆွေက ဘောဂလေးဂမုန်းပင်၏ အကျိုးပေးအစွမ်းထက်ပုံကို ပြည့်စုံစွာပြောပြပါသည်။

"ဘောဂလေးဂမုန်းက သိဒ္ဓိလေးပါးပြီးတယ် ဆရာ၊ သိရိသိဒ္ဓိ–ကျက်သရေမင်္ဂလာနှင့် ပြည့်စုံစေတယ်။ ပီယသိဒ္ဓိ–လူချစ်လူခင် ပေါများစေတယ်။ လာဘသိဒ္ဓိ–လာဘ်လာဘ ပေါများစေတယ်။ ဇေယျသိဒ္ဓိ–အလုပ်အကိုင် အကြံအစည် အောင်မြင်စေတယ်ဆိုတဲ့ သိဒ္ဓိလေးပါး ပြီးမြောက်စေပါတယ်"

"ခင်ဗျားပြောတာနဲ့ စိတ်ဝင်စားသွားပြီး၊ ကိုယ်တိုင်စိုက်ပြီး လေ့လာချင်လို့ တစ်ပင်တော့ ရောင်းပါ"

"ဆရာနဲ့ ကျွန်တော်တို့က ရောင်းစားရမယ့် လူတွေမဟုတ်ပါဘူး။ တစ်ပင်လက်ဆောင် ပေးလိုက်ပါမယ်။ ဆရာက ခရီးသွားကုန်သည် တစ်ယောက်ဆိုတော့ ခရီးသွားရင်း အစွမ်းထက်တဲ့ ဂမုန်းပင်တွေ့တဲ့အခါ ကျွန်တော့်အတွက် အပိုတစ်ပင် ယူခဲ့ဖို့ မမေ့ပါနဲ့"

"စိတ်ချပါဗျာ၊ ဝါသနာတူ လုပ်ဖော်ကိုင်ဖက်တွေပဲ။ ခုလိုပေးတာ ကျေးဇူးတင်ပါတယ်"

"တစ်ခုတော့ မှာချင်တယ် ဆရာ၊ ဘောဂလေး ဂမုန်းပင်က အအေးဓာတ်ကြိုက်တယ်၊ အရိပ်ကြိုက်တယ်၊ မြေဆွေးသန့်သန့် ကြိုက်

တယ်၊ စိုက်တဲ့အခါ ပန်းအိုးသန့်သန့်နဲ့ ခေါင်းရင်း ခြံ အရိပ်မှာ စိုက်ပါ"

"လိုအပ်တာတွေမှာပါ၊ လုပ်ပါ့မယ်"

"ကြော်ဝ် တစ်ခုတော့ ထပ်မှာရဦးမယ်၊ လပြည့် နေ့နဲ့ လကွယ်နေ့တိုင်း အမွှေးတိုင်ထွန်းပြီး သဗ္ဗ ဇယမင်္ဂလာဂါထာတော် ကိုးကြိမ်ရွတ်ဆို ရေ လောင်းရင် သိသိသာသာ အကျိုးပေးပါတယ်။ တိုက်တိုက်ဆိုင်ဆိုင်ပဲ ဒီနေ့ ကဆုန်လပြည့်နေ့ ဆိုတော့ ဆရာ့ဆီရောက်ရင် ပြည့်ပြည့်ဝဝ အကျိုး ပေးမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်"

"အေးဗျာ၊ ကျွန်တော်လဲ ဒီလိုယူဆပါတယ်"

စာရေးသူအိမ်သို့ ဘောဂလေး ဂမုန်းပင် ရောက်ခဲ့သည်မှာ ၁၉၉၅ ခုနှစ်၊ ကဆုန်လပြည့်နေ့ ဆိုလျှင် တစ်နှစ်ပြည့်ခဲ့ပြီ ဖြစ်ပါသည်။

တစ်နှစ်အတွင်း အရောင်းအဝယ် ပိုမို ကောင်း မွန်ခဲ့ပါသည်။ မိတ်ဆွေသစ်များတိုးကာ ရောင်း ပြီးမှ ငွေပေးရပြီး ကူညီမ,စသည့် လုပ်ငန်းရှင်များ ပေါ်ပေါက်ခဲ့ပါသည်။

စာရေးသူအား ဘောဂလေးဂမုန်းပင် ပေး စဉ်က သိဒ္ဓိလေးပါးပြီးကြောင်း ပြောစကားများ အမှတ်တရ ရှိနေပါသည်။

ထို့ကြောင့် ဂမုန်းပင်စိုက်ပျိုးကြမည့် ဝါသနာရှင်များ၊ စီးပွားရေးနှင့် အလုပ်အကိုင် အဆင်မပြေ၍ သောကရောက်နေသူများအား ပန်ကြားလိုပါသည်။


အိမ်၏ကျက်သရေဆောင်ကာ အတိတ်နိမိတ်ဆောင်သည့် ဘောဂလေးဂမုန်းပင်အား စိုက်ပျိုးကြည့်ပါ။ သိသိသာသာ အကျိုးပေး တိုးတက်အောင်မြင်လိမ့်မည်ဖြစ်ကြောင်း အကျိုးမျှော်ကာ နှိုးဆော်တင်ပြလိုက်ပါသည်။

✣ ✣ ✣

# ဂမုန်းလိပ်ပြာခေါ်
# ဇော်ဂျီမုတ်ဆိတ်ဂမုန်းပြောသော
# စီးပွားရေးနိမိတ်ပန်း

လူတိုင်း ကြီးပွားချမ်းသာချင်ကြသည်။ ဓမ္မ ထိပ် နိမိတ်ဆိုသည့်အတိုင်း စီးပွားဂမုန်း၊သူကြွယ်ဂမုန်း၊ ချမ်းသာကြီးဂမုန်း စသည်ဖြင့် နှစ်သက်ယုံကြည်ရာ ဂမုန်းပင်များ စိုက်ပျိုးကြသည်။

တိုတောင်းလှသည့် လူ့ဘဝတွင် ကိုယ်ဖြစ်ချင်တာ၊ ကိုယ်လုပ်ချင်တာ လုပ်ရလျှင် စိတ်ချမ်းသာမြဲ ဖြစ်သည်။



ဂမုန်းလိပ်ပြာပင်

ကျွန်တော်ကိုယ်တိုင် ဝန်ထမ်းဘဝမှ အငြိမ်းစားယူသည့်အထိ စာပေ ထုတ်ဝေဖြန့်ချိခြင်း၊ ကုန်သည်လုပ်ငန်းဖြင့် နယ်လှည့်ခရီးထွက်ခြင်းတို့ကြောင့် ပြည်နယ်နှင့် တိုင်းမြို့အသီးသီးသို့ ရောက်ခဲ့ပါသည်။

မူလကပင် စားပင်သောက်ပင်မှစ၍ ဂမုန်းပင်များကို ဝါသနာပါသည့်အလျောက် စိုက်ပျိုးပြီး အကျိုးသတ္တိများကို လေ့လာခဲ့သည်မှာ ၁၅ နှစ်ကျော်ခဲ့ပြီး လူတိုင်းပြော၍ မယုံပါ။ ကိုယ်တွေ့ကြုံမှ ယုံပါသည်။

ကျောက်ကျမ်း၊ ဂမုန်းကျမ်းနှင့် ကဝေသာရကျမ်းတို့တွင် ဂမုန်းမျိုးပေါင်း (၁၀၉) မျိုးရှိကြောင်း ရေးသားထားပေသည်။

ထို့ကြောင့် ကျွန်တော်ကိုယ်တိုင် နှစ်သက်စိုက်ပျိုးထားသည့် ဂမုန်းပင်များအနက် လိပ်ပြာဂမုန်း (ခေါ်) ဇော်ဂျီမုတ်ဆိတ်ဂမုန်း၏ အကျိုးသတ္တိများကို လေ့လာတင်ပြလိုက်ပါသည်။

လိပ်ပြာဂမုန်းခေါ် ဇော်ဂျီမုတ်ဆိတ်ဂမုန်းမှာ အနီရောင်ပွင့်သောအပင်နှင့် နီညိုရောင်ပွင့်သော အပင်နှစ်မျိုးရှိသည်။

နှစ်မျိုးစလုံး တွေ့ဖူးသော်လည်း ကျွန်တော်၏အိမ်တွင် စိုက်ပျိုးထားသည့်အပင်မှာ နီညိုရောင်ပွင့်သော လိပ်ပြာဂမုန်းဖြစ်ပါသည်။

ပွင့်သောအခါ အရွက်ကြားမှ ရိုးတံအရှည်ထွက်လာပြီး လိပ်ပြာတစ်ကောင် ပျံဝဲနေသကဲ့သို့

လှပပြီး ပန်းပွင့်အောက်မှ မှတ်ဆိတ်သဏ္ဌာန် အမွှေးမျှင်များကျလျက် ရှိပါသည်။

လိပ်ပြာဂမုန်းပွင့်သည့် အိမ်မှာ စီးပွားရေး အဆင်ပြေပြီး ကုန်သည်များအတွက် မြတ်စွန်းမှုများစွာ ရတတ်ပါသည်။

ထိ ဝါ သ နာ ရှင် များ အ တွက် ထီ ပေါက် တတ်ပါသည်။ ကျွန်တော်ကိုယ်တိုင် သုံးနှစ် အတွင်း ထီနှစ်ကြိမ် ပေါက်ခဲ့သောကြောင့် ဖြစ်ပါ သည်။

လိပ်ပြာဂမုန်း စိုက်ပျိုးသူမှာ အပွင့်ပွင့်သော အခါ စီးပွားရေးအခြေအနေကို ကြိုတင်သိရှိမက ခန့်မှန်းနိုင်ပါသည်။

လိပ်ပြာဂမုန်း အရွက်စိုသတ္တုရည်ကို သောက် ရုံနှင့် ချောင်းဆိုးရင်ကျပ် ဝေဒနာ သက်သာပြီး အရွက်ခြောက်ကို အမှုန့်ထောင်း၍ ပျားရည်နှင့် ဖောကာ စွဲစားပါက ပန်းနာရင်ကျပ် ဝေဒနာ ပျောက်ကင်းစေပါသည်။

လိပ်ပြာဂမုန်းကို မြို့နယ်အသီးသီး၌ လည်း ကောင်း၊ဂမုန်းဝါသနာရှင်တို့၏အိမ်၌လည်းကောင်း တွေ့ရတတ်သော်လည်း အများဆုံးတွေ့ရသည်မှာ

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ဘီလူးကျွန်း မုရစ်ကလေး ကျေးရွာရှိ စမ်းချောင်း ကျောက်များ အကြားတွင် တွေ့ရှိရပါသည်။

အရိပ်ရှိ၍အေးချမ်းသောနေရာကို နှစ်သက်ပြီး နေပူဒဏ်မခံနိုင်ပါ။ ရေမြေလိုက်၍ အရွက်မှာ ကြီးမားပြီး နေပူမိလျှင် ညိုးကျသွားတတ်သည်။

မြေဆွေးနှင့် သဲမြေရောနှောပြီး အပူအအေး မျှတသည့် နေရာတွင် စိုက်ပါက မိုမိုသန်စွမ်းကာ အချိန်တိုအတွင်း အပွင့်ပွင့်တတ်ပါသည်။ အပွင့်ကို မနုးဘဲထားပါက အသီး သီးတတ်ပါသည်။

စီးပွားရေး အဆင်မပြေသည့် မိတ်ဆွေတစ်ဦး အိမ်၌ သုံးနှစ်သုံးမိုး စိုက်ထားသော်လည်း အပွင့် မပွင့်ပါ။

မကြာမီ ကံဇာတာတက်လာကာ စီးပွား တိုးတက်လာချိန်၌ အပွင့်ပွင့်ပြီး အစေ့ငယ် လေးများ ပွားလာသည်ကိုတွေ့ရပါသည်။

ဂမုန်းပင်များ စိုက်ပျိုးလျှင် သုံးရက် သုံးလ သုံးနှစ်အတွင်း အကောင်းအကျိုးများ ရောက်လာ တတ်သည်ဟု ကျမ်းများ၌ ဖော်ပြထား ပါသည်။

မည်သို့ဆိုစေ ကိုယ်တိုင် နှစ်သက်ယုံကြည်ရာ ဂမုန်းပင်များကို မိမိမွေးနံ့၏ အာယုအရပ်တွင် စိုက်ပျိုးကာ သမ္ဗုဒ္ဓေဂါထာ၊ ဓာရဏသုတ် ပရိတ်တော်များ ရွတ်ဖတ်၍ မေတ္တာပွားများနေပါက စိတ်ကြည်လင်ပြီး အပွင့်အရွက် ဝေဝေဆာဆာဖြင့် မိမိ၏အိမ်ကျက်သရေတိုးကာ မိဒ္ဓာန်သမျှ စိတ်အကြံအောင်ကြမည်မှာ မလွဲဧကန် ဖြစ်ပါတော့သည်။

❖ ❖ ❖

အချို့သော ဂမုန်းကျမ်းများတွင် ဂမုန်းတစ်ထောင်ရှိသည်ဟူ၍ လည်ကောင်း၊ ကျောက်ကျမ်း၊ ဂမုန်းကျမ်း၊ ကဝေသာရကျမ်းတို့တွင် ဂမုန်း အမျိုးပေါင်း (၁၀၉) မျိုးရှိသည်ဟူ၍လည်းကောင်း ရေးသားထားရာတွင် စိုက်သင့်သော ဂမုန်းများ ရှိသကဲ့သို့ မစိုက်သင့်သော ဂမုန်းများရှိသည်။ဆေးဖက်ဝင်ခြင်း၊ လာဘ်ရွှင်ခြင်းရှိစေကာမူ ကျန်းမာရေးအတွက် သောက အန္တရာယ်ကိုဖြစ်စေ၊ ဘေးဒုက္ခနှင့် ခိုက်ရန်ဒေါသ ဖြစ်ရခြင်း၏ အကြောင်းအရင်းကို ဖြစ်စေသည့်

ဂမုန်းများလည်းရှိသည်။ သို့အတွက် အောက်တွင် မစိုက်သင့်သော ဂမုန်းများအား ရေသား ဖော်ပြအပ်ပါသည်။

❖ ❖ ❖

## မစိုက်သင့်သော ဇမှုန်းများ

### ဆင်ဂမုန်း

ဆင်ဂမုန်း၏အရွက်မှာ ကွမ်းရွက်နှင့်သဏ္ဍာန်တူသည်။ အရွက်ထူပြီး အစိမ်းရုံတွင် အဝါရောင်ဖက်နေသည်။

စိုက်သူကို စီးပွားလာဘ်လာဘ တိုးတက်စေသော် လည်း စိုက် ပျိုး သူ ၏ မိ သား စု ထဲ မှ တစ်ယောက်ယောက်ကို ကျန်းမာရေး ချို့ယွင်းစေသည်။

ဆင်ဂမုန်းသည် အရွက်လှပြီး နွယ်ပင်မျိုးဖြစ်သည်။ အမြဲရှိသမျှ တွယ်ကပ်ပေါက်ပြီး မြေဩဇာလိုက်၍ အရွက်များ ကြီးထွားသန်စွမ်းသည်။

ဆင်ဂမုန်း စိုက်သည့်အိမ်တွင် ဆင်ဂမုန်း စည်ကားပွားများလာသည်နှင့်အမျှ စီးပွားလာဘ်လာဘ တိုးတက်သော်လည်း မိသားစုထဲမှ တစ်ဦးဦးကို ကျန်းမာရေး ချို့ယွင်းစေသည်။

စာရေးသူ လေ့လာမိသလောက် တင်ပြရလျှင် ဆင်ဂမုန်းစိုက်သူ ၉၀ ရာခိုင်နှုန်းထိ ကျန်းမာရေး အန္တရာယ်ဖြစ်စေသည်ကို လေ့လာတွေ့ရှိရပါသည်။ ထို့ကြောင့် စီးပွားရေးနှင့် ကျန်းမာရေး ကြိုက်ရာရွေးပြီး ဆင်ဂမုန်းကို စိုက်သင့်၊ မစိုက်သင့် မိမိကိုယ်တိုင် ဆုံးဖြတ်ပါဟူသော စေတနာမွန်နှင့် အကြံပေးရင်း ရေးသား တင်ပြလိုက်ရပါသည်။

## ဆင်စွယ်ဂမုန်း

ဆင်စွယ်ဂမုန်းသည် မြေပြင်မှ တစ်ပင်ချင်း ထွက်သည့် အပင်မျိုးဖြစ်သည်။ အမှတ်တမဲ့

ကြည့်လျှင် ဒန့်သလွန်သီးနှင့် သဏ္ဌာန်တူသည်။

ဆင်စွယ်ဂမုန်းသည် စိုက်ပျိုးသူအား စီးပွားလာဘ်လာဘ ဖြစ်စေသည့်ဂမုန်းမျိုးမဟုတ်ဘဲ ယောကျ်ားများ ဂမုန်းပင်အား ကျော်ဖြတ်မိလျှင် အူကျခြင်း(ဘောကျခြင်း) ကို ဖြစ်စေသည်ဟု အချို့က ဆိုကြသည်။

စီးပွားလာဘ်လာဘ ကောင်းကျိုးအတွက် အစွမ်းထက်သော်လည်း ငါးရံ့ ငါးကွင်းနှင့် ဆင်စွယ် ဂမုန်းတစ်တောင့် ရောချက်၍စားလျှင် ဒူလာသွေးဝမ်းပျောက်ကြောင်း လေ့လာ တွေ့ရှိရပါသည်။ ဆင်စွယ်ဂမုန်းကို ထုချေပြီး နားပြည်ယိုသူအား အရည်ညှစ်၍ နားထဲထည့်လျှင် နားပြည်ယို ပျောက်စေကြောင်း လေ့လာတွေ့ရှိရပါသည်။

ဆင်စွယ်ဂမုန်း စည်ကားပွားများလာသည်နှင့်အမျှ တစ်ဦးနှင့်တစ်ဦး အကြောင်းမရှိဘဲ

ရန်လိုခြင်း၊ မိသားစုအတွင်း ပြဿနာအဖုံဖုံ ဖြစ်ရခြင်း၊ မှုခင်းတစ်ခုမဟုတ်တစ်ခု ဖြစ်တတ်ခြင်း၊ ဘေးရန်များခြင်း စသည့် စိတ်သောကမျိုးစုံ ဖြစ်တတ်သည့် ဂမုန်းဖြစ်သည်။

သို့အတွက် ဂမုန်းဝါသနာရှင်များ ဂမုန်း စိုက်ရာတွင် ဆင်စွယ်ဂမုန်းကို အဝေးကပင် ရှောင်ကြဉ်ပါဟု စေတနာထား၍ တားမြစ်ရေးသား တင်ပြလိုက်ရ ပါတော့သည်။

❖ ❖ ❖

## ကုမုဒ်ကြာဂမုန်း

ကုမုဒ်ကြာဂမုန်းသည် အရွက်ရှည်ကာ ဘေး အနားများ လှိုင်းတွန့်သဏ္ဌာန် ရှိသည်။ ဖူးတံ ထွက်ကာ ညဥ့်အချိန်ပွင့်တတ်ပြီး အဖြူရောင် ပွင့်သည်။ ကြာပွင့်ကဲ့သို့ အထပ်မများသော်လည်း ကြာပွင့်သဏ္ဌာန်နှင့်တူ၍ ကုမုဒ်ကြာဂမုန်းဟု ခေါ်ခြင်းဖြစ်သည်။

ကုမုဒ်ကြာဂမုန်းသည် စိုက်ပျိုးသူအတွက် စီးပွားလာဘ်လာဘ ဖြစ်စေသော်လည်း မိသားစု အတွင်း ပဋိပက္ခ မကြာခဏ ဖြစ်စေသည်။

စာရေးသူ၏မိတ်ဆွေသည် စီးပွားရေး အလွန်ကောင်းသူဖြစ်သည်။ ကုမုဒ်ကြာဂမုန်းကို အလှစိုက်ထားသူဖြစ်သည်။ စီးပွားရေးမှာ တိုးတက်ကောင်းမွန်သော်လည်း သူ၏သားဖြစ်သူမှာ အလိုလိုနေရင်း စိတ္တဇရောဂါဖြစ်ပြီး၊ အိမ်မှ မကြာခဏ ပျောက်သွားတတ်၍ အိမ်တွင်း သောကရောက်စေသည်။

စာရေးသူ ကိုယ်တိုင် ကုမုဒ်ကြာဂမုန်းကို စိုက်ကာ လေ့လာစမ်းသပ် သုတေသနပြုလုပ်ရာတွင် မိသားစုအတွင်း ပြဿနာမျိုးစုံ ကြုံဖူးပါသည်။

ကုမုဒ်ကြာဂမုန်းအားနုတ်ပြီး စွန့်ပစ်ချိန်တွင် မိသားစုသောကများ ငြိမ်းအေးသွားခဲ့သည်မှာ စာရေးသူ၏ ကိုယ်တွေ့ ဖြစ်ပါသည်။

စာရေးသူနှင့် ပတ်သက်၍ သိကျွမ်းခင်မင်ခဲ့သည့် ဂမုန်းဝါသနာရှင်များ ကုမုဒ်ကြာဂမုန်းကို

စိုက်ရာတွင် တွေ့ကြုံရသည့် ဖြစ်ရပ်များမှာ ထပ်သူ နီးပါးဖြစ်၍ ကုမုဒ်ကြာဂမုန်းမှာ မစိုက်သင့်သော ဂမုန်းအဖြစ် သတ်မှတ်ဆုံးဖြတ်ကြပါသည်။

သို့အတွက် ဂမုန်းပင်စိုက်ရန် ဝါသနာကြီးလွန်းသူများအတွက် အထူးသတိပေး လိုသည်မှာ ဂမုန်းပင်အမျိုးမျိုးစိုက်ရာတွင် ကုမုဒ်ကြာ ဂမုန်းကိုတော့ ယောင်လို့မှမစိုက်နဲ့ ဟူ၍ သတိပေးကာ ရေးသား တင်ပြလိုက်ရပါတော့သည်။

မြောင်းမြမောင်ယဉ်တင့်

